
မင်းမြှတ်သုရ
ရေလယ်ခေါင်သောင်ကျွန်း နတ်သားမီးနေတဲ့ကျွန်း
၃၅ အုပ်မြောက်
အထိမ်းအမှတ်

# နိဒါန်း

တစ်နေ့သ၌ တိဘက်ဒေသ လာဆာမြို့စွန်ရှိ လွန်စွာမြင့်မားသော ကုန်းမြင့်ကြီးပေါ်တွင် လူရွယ်တစ်ဦးသည် တစ်ကိုယ်တည်းထိုင်နေပြီး လာဆာမြို့တော်၏ ရှုခင်းပေါင်းစုံကို ကြည့်ရှုနေလေ၏။

လူငယ်သည် လွန်စွာမြင့်မားသော အရပ်တွင်ရှိ၍ လာဆာ မြို့၏ ရှုမငြီးသောမြင်ကွင်းကို မြင်နေရလေ၏။

အရှေ့ဘက်တွင် သီးပင်စားပင်များနှင့် စိမ်းစိမ်းစိုနေသော လာဆာလွင်ပြင်ကို မြင်တွေ့ရလေ၏။

လာဆာလွင်ပြင်ကို ရစ်ခွေစီးဆင်းနေသော မြစ်ငယ်လေးများသည် နေရောင်ကြောင့် ရွှေရောင်တလက်လက်တောက်ပနေပြီး မြစ်များအားလုံး မိုင် ၄၀ အကွာတွင်ရှိသော တဆန်ပေါမြစ်အတွင်းသို့ စီးဝင်ကြလေ၏။

မြောက်နှင့် တောင်ဘက်တွင် တိဘက်ကို ကမ္ဘာ့ရန်အပေါင်းမှ ကာကွယ်ပေးသကဲ့သို့ရှိသော တောင်တန်းများကို တွေ့ရ၏။ သဘာဝ တရားကပင် တိဘက်ကို တသီးတခြားဖြစ်စေ၏။

ထို့ကြောင့်ပင် တိဘက်လူမျိုးတို့၏ စိတ်ဓာတ်နှင့် တွေးပုံခေါ်ပုံသည် အခြားနိုင်ငံများနှင့်မတူ ခြားနားခြင်းဖြစ်မည်ထင်၏။

တောင်တန်းကြီးများသည် အနောက်ဘက်သို့ သွယ်တန်းသွားပြီး ပေါတလနှင့် ဆက်ပိုရိပ်ဟူသော တောင်စွန်းကြီးနှစ်စွန်းသို့ ထိုးထွက်သွား၏။ ပေါတလသည် တိဘက်ဒေသ၏ ကိုယ်တော်မြတ်စံကျောင်းတော်ရှိ၏။

တစ်နည်းအားဖြင့် တိဘက်ဒေသ၏ အသည်းနှလုံးဟူ၍ ပင် ခေါ်ဆိုနိုင်၏ ။

ဆက်ပိုရိတောင်စွန်းပေါ်တွင် တိဘက်ဒေသ၏ စည်းကမ်း ဥပဒေအတင်းကျပ်ဆုံး ဆက်ပိုရိကျောင်းတော်ရှိ၏ ။ လူရွှယ်သည် လာဆာမြို့တွင်း ရှုခင်းကို ပြောင်းလဲကြည့်ရှုမိပြန်၏ ။

မြို့တော်၏ ကောင်စီခန်းမသည် ဇောကန်ကျောင်းတော်၏ မြောက်ဘက်တံတိုင်းကို မေးတင်နေသကဲ့သို့ ရှိလေ၏ ။

ဇောကန်ကျောင်းတိုက်၏ အနီးတွင် ဆေးနီနီရဲရဲ သုတ်ထားသော ရွှေတိုက်ကိုမြင်ရ၏ ။ ရွှေတိုက်အနီးတွင် ကမ္ဘာ့အရပ်ရပ်ရှိ ကုန်စည်မျိုးစုံကို ဝယ်ယူရရှိနိုင်သော ဈေးတန်းရှည်ကြီးကို မြင်ရ၏ ။

ထိုဈေးတန်းသည် အိမ်နီးချင်း မြန်မာ၊ အိန္ဒိယ၊ တရုတ်ကုန်သည်များ လာရောက်၍ ကုန်ကူးသန်းလေ့ရှိ၏ ။

လူရွှယ်သည် ဈေးတန်းကိုကြည့်ရှုပြီးနောက် မြို့တော်၏ အရှေ့ယွန်းယွန်းတွင်ရှိသော သီလရှင်ချောင်သို့ အကြည့်ရောက် သွားပြန်၏ ။ သီလရှင်ချောင်မှတစ်ဆင့် လူသေကို ဖျက်ဆီးသုတ်သင်သူများ၏ အရပ်သို့ ကြည့်ရှုမိပြန်၏ ။

လူရွှယ်သည် ထိုရှုခင်းသို့အရောက်တွင် မျက်နှာမသာမယာဖြင့် ခေါင်းယမ်းလိုက်ပြီး

“အို...ဒီရှုခင်းကိုကြည့်ရတာ ကဗျာမဆန်လိုက်တာ၊ ဒီအရပ်ဟာ တိဘက်ရဲ့လှပသိမ်မွေ့မှုကို ဖျက်ဆီးနေသလိုပဲ”

ဟု တစ်ကိုယ်တည်း ရေရွတ်လိုက်လေ၏ ။

လူရွှယ်သည် သာယာလှပသော ရှုခင်းကို ပြောင်းလဲကြည့်ရှုလိုက်ပြီး

“ဟိုး…အဝေးက တောင်တန်းတွေမှာ မျက်စိတစ်ဆုံးမြင်နေရတဲ့ နှင်းဖြူဖြူတွေကြောင့် မိုးကောင်းကင်ဟာ ခရမ်းရောင် ပိုပြီးရင့်လာတယ်၊ တိမ်တိုက်ပါးပါးလေးတွေဟာလဲ လေထဲကို လွင့်မျောနေတယ်၊ သိပ်လှတဲ့ရှုခင်းပဲ၊ ကဗျာစပ်လို့ သိပ်ကောင်းပေ့ါ”

ဟု တစ်ကိုယ်တည်းရေရွတ်ကာ သူ၏ ဝတ်ရုံအတွင်းရှိ စက္ကူလိပ်နှင့် ကလောင်တံကို ထုတ်ယူ၍ ကဗျာစပ်ရန် စဉ်းစားနေလေ၏။

စဉ်းစားရင်း အာခြောက်လာသလိုရှိ၍ ဝတ်ရုံအတွင်းရှိ ထောပတ်လက်ဖက်ရည်ထည့်ထားသော သားရေအိတ်ကို ထုတ်ယူကာ ထောပတ်လက်ဖက်ရည် တစ်ငုံသောက်လိုက်ပြန်၏။

တိဘက်၏ ရာသီဥတုမှာ အပူအအေးပြောင်းလဲမှု မြန်ဆန်လွန်းသဖြင့် တိဘက်ဒေသသားတိုင်း နေ့စဉ် ထောပတ် လက်ဖက်ရည်ခွက် ၃၀ ခန့် သောက်လေ့ရှိ၏။ လူရွယ်က ထောပတ် လက်ဖက်ရည်ကို အရသာခံ၍ သောက်ရင်း

“အင်း…ထောပတ်လက်ဖက်ရည်တစ်ခွက်၊ မိုးစွေငှက်ကလေးတစ်ကောင်၊ မြင့်မားသော တောင်တန်းတွေနဲ့ ခရမ်းရောင် မိုးကောင်းကင်၊ နှင်းဖြူဖြူနဲ့ ရွှေရောင်မြစ်ချောင်းကလေးတွေ၊ ဟဲ…ဟဲ…ငါ့ကဗျာ အတော်ကောင်းပါလား”

ဟု တစ်ကိုယ်တည်း ရေရွတ်ရင်း စက္ကူလိပ်ကို ပေါင်ပေါ်တင်၍ ကဗျာလင်္ကာစပ်ဆိုရန် ကြိုးစားလေ၏။

လူရွယ်သည် ဟိုအဝေးတွင်မြင်ရသော သာယာလှပသည့် ရှုခင်းကိုကြည့်လိုက် ကဗျာစပ်လိုက် လုပ်နေရာမှ သူ၏ အနီးသို့ ထွင်းကျိုင်းသန်မာသော လူကြီးတစ်ဦး ရုတ်တရက် ရောက်လာပြီး

“ကုမ္မာရရယ်…မြင်းစီးမလေ့ကျင့်ဘဲ ဒီတောင်ကုန်းပေါ်လာပြီး ကဗျာစပ်နေတယ်၊ မင်းအတော်မိုက်တဲ့ ကောင်လေးပဲ၊ သခင်ကြီးသိရင် ငါ့ကို

အဆူခံရတော့မှာပဲ”

ဟု အော်ကြီးဟစ်ကျယ် ညည်းညူလိုက်လေရာ လူရွယ်၏ ခန္ဓာကိုယ်သည် ဆတ်ခနဲ တုန်သွားပြီး

“ဟာ…လန့်လိုက်တာ ရမ်းတာ၊ ခင်ဗျား အော်ကြီးဟစ်ကျယ်လုပ်တာနဲ့ ကျုပ်ခေါင်းထဲက စာသားလေးတွေ ဘယ်ပျောက်ကုန်ပြီလဲ မသိဘူး”

ဟု ရေရွတ်လိုက်လေ၏။ ရမ်းတာဆိုသော လူကြီးက ခေါင်းယမ်း၍

“ကဗျာစာသားတွေ ပျောက်တာ အရေးမကြီးဘူးကောင်လေး၊ မြင်းကောင်းကောင်းစီးတတ်ဖို့ အရေးကြီးတယ်၊ ကုမ္မာရလို မင်းမျိုးမင်းနွယ်ဝင်တစ်ယောက်ဟာ မြင်းစီးကျွမ်းဖို့ သိပ်အရေးကြီးတယ်၊ သခင်ကြီးကလဲ မြင်းစီးညံ့တာကို လုံးဝမကြိုက်ဘူး၊ ဒီ့ပြင် ထိပ်တန်းဆယ်အိမ်ထောင်က ကလေးတွေဆိုရင် မြင်းကို မတ်တတ်ရပ်ပြီးတောင် စီးနေနိုင်ပြီ”

ဟု ပြောလေရာ လူရွယ်၏ မျက်နှာသည် မကျေမနပ်ဟန်ဖြင့် ရှုံ့မဲ့သွားပြီး

“လာပြန်ပြီ…ထိပ်တန်းဆယ်အိမ်ထောင်၊ ခင်ဗျားလဲ အဖေလိုပဲ၊ ထိပ်တန်းဆယ်အိမ်ထောင်၊ မင်းမျိုးမင်းနွယ်ဆိုတဲ့ စကားတွေ မပါရင်မပြောတတ်တော့ဘူးလား၊ ဒီစကားတွေက ကျုပ်ရဲ့ လွတ်လပ်ခွင့်တွေကို ထိခိုက်နေတယ်။ ကျုပ်ဟာ လာဆာမြို့တော်က ဆင်းရဲသားလူတန်းစားတွေရဲ့ကလေးတွေလို ဖုံထဲမှာ ပြေးလွှားပြီး ဆော့ကစားချင်တယ်၊ ဖုံအလိမ်းလိမ်းကပ်နေတဲ့ စမ္မာကို စားချင်တယ်၊ ဆိတ်မွှေးတွေရော ကပ်နေတဲ့ထောပတ်ကို လျှာနဲ့ လျက်ချင်တယ်၊ သူတို့လိုပဲ ခြေဦးတည့်ရာ လှည့်လည်သွားလာချင်တယ်။ ဒါပေမယ့် ထိပ်တန်းဆယ်အိမ်ထောင်ဆိုတဲ့ စကားကြီးက ကျုပ်ဘဝကို အချိန်တိုင်း

ချုပ်ကိုင်လွှမ်းမိုးထားတယ်”

ဟု ရေရွတ်နေလေ၏။ ရမ်းတာက လူငယ်၏ မျက်နှာကို စိတ်မသက်သာဟန်ဖြင့် ကြည့်၍

“ကျေးဇူးပြုပြီး ဒီစကားတွေကို သခင်ကြီးနဲ့ သခင်မကြီး ရှေ့မှာမပြောပါနဲ့ ကုမ္မာရရယ်၊ သူတို့သာ ဒီစကားတွေကိုသိရင် မိုးမီးလောင်သွားနိုင်တယ်”

ဟု တီးတိုးပြောဆိုလေ၏။ လူငယ်သည် တောင်ကုန်းကြီးပေါ်မှမြင်ရသော ကဗျာဆန်ဆန် ရှုခင်းကို လွမ်းမောသလိုကြည့်၍

“သြော်…ထိပ်တန်းဆယ်အိမ်ထောင်နဲ့ မင်းမျိုးမင်းနွယ်ဆိုတဲ့ ဂုဏ်ဒြပ်တွေဟာ ငါ့ရဲ့ ကဗျာစပ်ဆိုနိုင်ခွင့်ကိုတောင် လာထိပါးနေပါပေါ့လား၊ ဒါတွေကို လွတ်မြောက်အောင် ဘယ်လိုရုန်းကန် ရမှာလဲ”

ဟု ရေရွတ်လိုက်လေ၏။ လူငယ်၏ ဖခင်သည် တိဘက်အုပ်ချုပ်ရေးအဖွဲ့တွင် အရေးပါသော မင်းမှုးမတ်ကြီးတစ်ယောက်ဖြစ်ပြီး မိခင်မှာ တိဘက်ထိပ်တန်းဆယ်အိမ်ထောင်တွင်ပါဝင်သော အမျိုးဆွေတစ်ဦးဖြစ်၏ ။

ထို့ကြောင့် မိခင်နှင့် ဖခင် မင်္ဂလာဆောင်နှင်းပြီးနောက် တိဘက်တွင် ထိပ်ထိပ်ကြဲ မိသားစုကြီးဖြစ်သွားလေ၏ ။

ကုမ္မာရ၏ ဖခင်သည် တိဘက်အုပ်ချုပ်ရေးအဖွဲ့တွင် ဩဇာကြီးသူတစ်ဦးဖြစ်ပြီး လွန်စွာ စည်းစနစ်ကြီးသူဖြစ်၏ ။

မိခင်မှာမူ ဖခင်လောက် မတင်းမာသော်လည်း ထိပ်တန်းဆယ်အိမ်ထောင် အမျိုးအနွယ်ပီပီ မာန်မာနကြီးသူလည်းဖြစ်၏ ။

ကုမ္မာရ၏ ဖခင်သည် စည်းစနစ် ရည်မှန်းချက်ကြီးသူပီပီ ကုမ္မာရအား

ငယ်စဉ်ကပင် မြင်းစီးအတတ်၊ လေးမြားအတတ် တို့ကို ကျွမ်းကျင်လိမ္မာစေလိုသော ဆန္ဒရှိ၏။

ကုမ္မာရကမူ တိဘက်ကလေးငယ်များနှင့် ဆန့်ကျင်ကာ ကဗျာလင်္ကာသီကုံးရန်၊ ရှေးဟောင်းစာပေများကို ဖတ်ရှုရန်သာ စိတ်ဝင်စား၏။ စာအုပ်စာပေများနှင့်သာ ပျော်မွေ့၏။

မြင်းစီးလေ့ကျင့်သောအခါတိုင်း၌ မည်သည့်အခါမျှ စိတ်ပါလက်ပါမရှိချေ။

တိဘက်သည် ယာဉ်ရထားမရှိသောနိုင်ငံဖြစ်သဖြင့် မြင်းစီးကျွမ်းကျင်ရန် အထူးလိုအပ်၏။

မည်သည့်ခရီးကိုမဆို ခြေလျင်နှင့်မြင်းစီးနှစ်မျိုးသာ သွားလာနိုင်၏။ တိဘက်ရှိ အထက်တန်းလွှာသားသမီးများအားလုံးကို လမ်းမလျှောက်တတ်မီကပင် မြင်းစီးသင်ပေးလေ့ရှိ၏။ လေးနှစ်သား အရွယ်သို့ရောက်လျှင် မြင်းကောင်းကောင်း စီးနှင်တက်နေပေပြီ။

တိဘက်တွင် အမျိုးသား၊ အမျိုးသမီးနှင့် ဘုန်းကြီးများပါ မကျန်မြင်းစီး၍ ခရီးသွားလေ့လာရှိ၏။

မြင်းစီးကျွမ်းကျင်ခြင်းကိုလည်း လွန်စွာ ဂုဏ်ယူဝံ့ကြွားကြ၏။

အထူးသဖြင့် ကုမ္မာရတို့ ထိပ်တန်းဆယ်အိမ်ထောင်စာရင်းဝင်သားသမီးများသည် မြင်းစီးခြင်းကို ပိုမိုကျွမ်းကျင်ကြ၏။

၎င်းတို့သည် ကဆုန်စိုင်းနေသော မြင်းပေါ်တွင် မတ်တပ်ရပ်၍ စီးနင်းနိုင်၏။ မြင်း၏ ဝမ်းဗိုက်အောက်မှ ခိုကပ်၍ စီးနင်းနိုင်၏။

တိဘက်သူရဲကောင်းများသည် မြင်းပေါ်တွင် ကျွမ်းထိုးနိုင်၏။

ရွှေလျားနေသော ပစ်မှတ်ကို မြင်းပေါ်မှပင် လေးမြားနှင့် ပစ်နိုင်၏။

သေနတ်ပစ်လက်ဖြောင့်ရန်လည်း လေ့ကျင့်ထား၏။ ကုမ္မာရကမူ ထိုအတတ်များအားလုံးကို ညံ့ဖျင်းသူဖြစ်၏။

ရမ်းတာဆိုသော လူကြီးသည် သစ်ပင်ရိပ်အောက်တွင် ချည်နှောင်ထားသော မြင်းညိုကြီးကို သွားရောက်ယူဆောင်လာပြီး

"ကုမ္မာရရယ် ခဏလောက်တော့ မြင်းစီးလိုက်ပါဦး၊ ကုမ္မာရမြင်းစီးညံ့ရင် ရမ်းတာကိုပဲ အပြောခံရလိမ့်မယ်"

ဟု မျက်နှာငယ်ငယ်နှင့် ပြောဆိုလေရာ ကုမ္မာရက ရမ်းတာကို ကရုဏာသက်သွားပြီး မြင်းပေါ်သို့ လွှားခနဲ ခုန်တက်လိုက်လေ၏။ ထို့နောက် တောင်ကုန်းအောက်သို့ ဖြည်းညှင်းစွာ စီးနှင်းသွားလေ၏။

ရမ်းတာသည် တောင်ကုန်းအထက်တွင် ခါးထောက်ကြည့်ရင်း ကျန်ရစ်ခဲ့ရှာ၏။ ရမ်းတာသည် သူ့အား ငယ်စဉ်ကပင် ထိန်းကျောင်းခဲ့ရသူဖြစ်၏။ ရမ်းတာ၏ ဖခင်ဇာတိမှာ တိဘက်အရှေ့ပိုင်း ခမ်နယ်ကဖြစ်ပြီး ခမ်နယ်သားများသည် ကိုယ်လုံးကိုယ်ထည် ထွားကျိုင်းသန်မာကြ၏။

တိဘက်ဒေသ၏ ကျောင်းတော်များတွင် အစောင့်အကြပ် ဘုန်းကြီးပုလိပ်အဖြစ် ခမ်နယ်သားများကို ခန့်လေ့ရှိ၏။ ၁၉၀၄ ခုနှစ်အင်္ဂလိပ်ကျူးကျော်စစ်ပွဲတွင် ရမ်းတာသည် ဘုန်းကြီးပုလိပ်တစ်ဦးအဖြစ်ကာကွယ်ရေးတပ်သားများတွင် ပါဝင်ဖူး၏။

စစ်ပွဲပြီးသောအခါ ရမ်းတာအား သူ့ဖခင်က ကုမ္မာရီကို ထိန်းကျောင်းရန် ခေါ်ယူခဲ့၏။ ရမ်းတာသည် မြင်းစီးအလွန်ကျွမ်းကျင်ပြီး တိဘက်တိုက်ခိုက်ရေးပညာကို ပါရဂူမြောက်အောင် တတ်မြောက်၏။

ထို့ကြောင့် ကုမ္မာရ၏ ဖခင်က ရမ်းတာအား

ယောကျ်ားတို့တတ်သင့်တတ်အပ်သောပညာများကို ကုမ္မာရအား သင်ကြားစေ၏ ။ ကုမ္မာရသည် အတန်ကြာအောင် မြင်းကိုအသားကျအောင် စီးနှင်ပြီးနောက် ရမ်းတာနှင့်အတူ စံအိမ်တော်သို့ ပြန်ခဲ့လေတော့၏ ။ စံအိမ်တော်၏ ခြံဝင်းထဲသို့ရောက်သောအခါ ရမ်းတာက လေချွန်သံပြုလိုက်လျှင် ရမ်းတာမွေးမြူထားသော သိမ်းငှက်ကြီးက ရမ်းတာ၏ ပုခုံးပေါ်တွင် လာနားလေ၏ ။

ထို့နောက် သိမ်းငှက်ကြီးသည် ကုမ္မာရကို ခင်မင်ဟန်ပြု၍ ပုခုံးတွင် လာနားမည်ပြုရာ ကုမ္မာရက သိမ်းငှက်၏ ခြေနှစ်ချောင်း၌ သွေးစွန်းနေသည်ကိုတွေ့၍

“ဟေ့ကောင်ကြီး၊ နင်သတ္တဝါတွေကို သတ်လာပြန်ပြီလား၊ သွေးစွန်းနေတဲ့ခြေထောက်တွေနဲ့ ငါ့ပုခုံးပေါ်မတက်နဲ့”

ဟု ကြိမ်းမောင်းကာ သိမ်းငှက်ကြီးကို ပုခုံးပေါ်မှ ချလိုက်လေ၏ ။ ရမ်းတာ၏ သိမ်းငှက်ကြီးသည် တစ်နေကုန် အိမ်မှထွက်ပြီး ငှက်ငယ်များကို ဖမ်းဆီးသတ်ဖြတ်ခြင်းကို ကုမ္မာရ နှစ်သက်ခြင်းမရှိပေ။

ရမ်းတာသည် မြင်းပေါ်မှခုန်ချ၍ စံအိမ်တော်အတွင်းသို့ လှမ်းလျှောက်သွားသော ကုမ္မာရ၏ နောက်ကျောကိုကြည့်၍

“စိတ်သဘောထား အလွန်နူးညံ့တဲ့ကုမ္မာရနဲ့ သခင်ကြီး ထိပ်တိုက်တွေ့မဲ့နေ့ကို ရင်လေးမိတယ်”

ဟု တီးတိုးရေရွတ်လိုက်လေတော့၏ ။

***

# အခန်း(၁)

ကုမ္မာရစံအိမ်တော်သို့ ရောက်သောအခါ အစေခံနှစ်ဦး ရောက်လာပြီး

"ညနေစာစားဖို့ အသင့်ဖြစ်ပါပြီ သခင်လေး"

ဟုပြောလေ၏။ ကုမ္မာရသည် ညနေစာ စားချင်စိတ်မရှိသော်လည်း မိခင်၏ အပြောအဆိုခံရမည်စိုးသဖြင့် ထမင်းစားခန်းသို့ ထွက်ခဲ့လေ၏။

တိဘက်တွင် ရာထူးအဆင့်အတန်းကြီးသော မိသားစုကြီးများသို့ ဘုန်းကြီးကျောင်းများမှ ရဟန်းများလွှတ်ပေးလေ့ရှိ၏။

ကုမ္မာရတို့မိသားစုသည် တိဘက်ထိပ်တန်း ဆယ်အိမ်ထောင်တွင် ပါဝင်သောကြောင့် အိမ်နေရဟန်းနှစ်ပါးရရှိ၏။ ရာထူးအဆင့် အတန်းငယ်သူများသည် အိမ်နေရဟန်းတစ်ပါးသာရ၏။

အိမ်နေရဟန်းများသည် အိမ်သူမိသားစုများကိုယ်စား ဘုရားဝတ်ပြုပေးကြ၏။ ဘေးအန္တရာယ်ကင်းအောင် ဆုတောင်းပေးကြ၏။

အိမ်နေရဟန်းနှစ်ပါး၏ နေ့စဉ်တာဝန်တစ်ခုမှာ စားဖိုဆောင်တွင် ဟင်းချက်မည့် တိရစ္ဆာန်အသေကောင်အတွက် ဆုတောင်းပေးရ၏။ တိရစ္ဆာန်များ၏ အသားကို အစားခံရသဖြင့် နောင်ဘဝတွင် အကျိုးကျေးဇူးရပါစေ၊ ယခုဘဝထက်မြင့်သောဘဝကို ရပါစေဟု ဆုတောင်းပေးရ၏။ ခရီးထွက်မည့် မြင်းများအတွက်လည်း လမ်းခရီးတွင် ဘေးဒုက္ခမတွေ့ရန် ဘုန်းကြီးများကပင် ဆုတောင်းပေးကြ၏။ ဘုန်းကြီးတစ်ပါးက ကုမ္မာရကိုမြင်သောအခါ လက်ယပ်ခေါ်၍

"လာ...ကုမ္မာရ၊ မင်းအကြိုက်ငါးမန်းတောင်ဟင်းချိုချက်ထားတယ်၊

ဒီညတော့ စားလို့ကောင်းဦးမှာပဲ”

ဟုဖိတ်ခေါ်လေ၏။ ကုမ္မာရသည် ငါးမန်းတောင်ဟင်းချိုဟု ဆိုသဖြင့် ညစာစားရန် စိတ်အားထက်သန်သွား၏။

ငါးမန်းတောင်ကို တရုတ်ပြည်ကပင် မှာယူ၍ ဟင်းချက်ရခြင်းဖြစ်၏။ လွန်စွာဈေးကြီးပြီး ကမ္ဘာ့အချိုဆုံး၊ အကောင်းဆုံး ဟင်းချိုဖြစ်သည်ဟု မိခင်က ညွှန်းလေ့ရှိ၏။ ဘုန်းကြီးနှစ်ပါးသည် အစားအစာမျိုးစုံကို နည်းနည်းစီမြည်းစမ်းစေနေ၏။

တိဘက်မိသားစုကြီးများသည် အိမ်နေရဟန်းများအား ကောင်းမွန်စွာကျွေးမွေးပြုစုလေ့ရှိ၏။ ရဟန်းများ အစားကောင်းကောင်းစားရမှ ကောင်းမွန်သောဆုလဒ်များကို ပေးနိုင်မည်ဟု ယုံကြည်ကြလေ၏။

ညစာစားပြီးနောက် အိမ်နေရဟန်းတစ်ပါးက သူ့အား မျက်လှည့်ပြကွက်တစ်ခုကို ထမင်းဝိုင်းတွင်ပင် သင်ပေးလေ၏။ ထိုရဟန်းသည် မျက်လှည့်ဝါသနာထုံသူဖြစ်သဖြင့် ကိုရင်ဘဝကပင် လေ့လာထားသည်ဆို၏။

ထိုရဟန်းထံမှ မျက်လှည့်ပြကွက်များကို ကုမ္မာရက အားလပ်ချိန်တိုင်း သင်ယူလေ့ရှိ၏။ ယနေ့ညတွင် ရဟန်းက ပန်းကန်ပြားထဲတွင် ရှိသော စမ္မာမုန့်အချိုများကို လေထဲတွင်လွင့်မျောစေသော ပြကွက်ကို သင်ပေးသဖြင့် လွန်စွာသဘောကျသွားလေ၏။ ထိုပြကွက်၏ လျှို့ဝှက်ချက်မှာ လွန်စွာသေးငယ်သောကြိုးအမည်းကလေးဖြင့် စမ္မာမုန့်များကိုကပ်ကာ ရဟန်း၏ လက်တွင်ကြိုးအမည်းကလေးဖြင့် စမ္မာမုန့်များကိုကပ်၍ ရဟန်း၏ လက်တွင်ကြိုးကို ချည်နှောင်ထားခြင်းဖြစ်၏။

မျက်လှည့်ပွဲပြီးသောအခါ ထမင်းစားခန်းထဲသို့ ဘဏ္ဍာထိန်းနှင့် ဥပဒေအတိုင်ပင်ခံပုဂ္ဂိုလ်ရောက်လာ၏။ သူတို့ထမင်းစားနောက်ကျပုံကိုကြည့်၍ ကုမ္မာရသည် သူ၏ ဖခင်အလုပ်များနေကြောင်း ရိပ်စားမိလေ၏။

တိဘက်ထိပ်တန်းမိသားစုဝင်အိမ်များတွင် ဥပဒေ အတိုင်ပင်ခံကို ခေါ်ယူထားလေ့ရှိ၏။

တိဘက်တို့သည် ဥပဒေကို လေးစားသူများဖြစ်၍ အိမ်မှုကိစ္စအားလုံးကို ဥပဒေအတိုင်ပင်ခံပုဂ္ဂိုလ်က အကြံပေးရလေ့ရှိ၏။ ကုမ္မာရသည် ထမင်းစားခန်းမှထွက်လာသောအခါ သူ၏ အိမ်ခန်းထဲသို့သွား၍ ဘောလုံးကလေးများကို လက်ထဲတွင် မြှောက်ကစားရသော မျက်လှည့်ပြကွက်တစ်ခုကို လေ့ကျင့်နေလိုက်၏။ ထို့နောက်ပြတင်းတံခါးမှတစ်ဆင့် ကောင်းကင်တွင်လင်းလက်နေသော ကြည်ပွင့်များကိုငေးမောကြည့်လိုက်၏။

ကုမ္မာရသည် လင်းလက်နေသော ကြယ်ပွင့်လေးများကို ငေးမောကြည့်၍ ရာသီဥတုအလွန်သာယာကြောင်း သတိထားမိ၏။ ဖခင်အလုပ်များနေသဖြင့် မနက်ဖြန် စွန်ခိုးလွှတ်လျှင် ကောင်းမည်ဟု တွေးတောမိလိုက်၏။

***

နောက်တစ်နေ့နံနက်တွင် ကုမ္မာရသည် အိပ်ရာမှစောစောထ၍ ဖခင်ရှိမရှိ အကဲခတ်လေရာ ဖခင်ပေါတလနန်းတော်သို့ သွားကြောင်းသိရလေ၏။ တိုင်းရေးပြည်ရေးကိစ္စများနှင့် ဖခင်အလုပ်ရှုပ်ကြောင်းသေချာနေလေပြီ။ ထို့ကြောင့် ယနေ့ညနေတွင် စွန်လွှတ်ဖြစ်အောင် လွှတ်မည်ဟု ဆုံးဖြတ်ချက်ချလေ၏။

ထို့နောက်တွင်မူ အစေခံတန်းလျားသို့သွား၍ သူနှင့်ရွယ်တူ အစေခံကောင်လေးနှစ်ယောက်ကို တွေ့ဆုံကာ

“ညနေကျရင် ငါတို့စွန်စီးကြရအောင်၊ မင်းတို့အသင့်ပြင်ထားကြ၊ ရမ်းတာကြီးမသိအောင်လဲ ဂရုစိုက်ဦး”

ဟုပြောလေရာ အစေခံလူငယ်များသည် စွန်လွှတ်မည်ဟူသော

စကားကြောင့် ဝမ်းသာပျော်ရွှင်သွားသော်လည်း စိုးရိမ်ဟန်ဖြင့်

“ဖြစ်ပ့ါမလား သခင်လေး၊ သခင်ကြီးသိသွားရင် ကျွန်တော်မျိုးတို့ကို အပြစ်ပေးခံနေရပါမယ်”

ဟုပြောလေ၏ ။ ကုမ္မာရက ရယ်မော၍

“ဟဲဟဲ…အဖေရှိရင် ငါလဲ စွန်မစီးရဲပါဘူး။ အဖေမနက်အစောကြီး ပေါတလနန်းတော်သွားတယ်ကွ၊ အလုပ်များနေပုံရတယ်၊ ငါတို့အေးအေးဆေးဆေး စွန်ကစားလို့ရပါတယ်ကွာ”

ဟုပြောလေတော့၏ ။ ထိုအခါမှပင် အစေခံလူငယ်နှစ်ဦးက ဝမ်းသာအားရဖြင့် ဖွက်ထားသောစွန်ကြီးကို အသင့်ပြင်ထားမည်ဟု ပြောလေ၏ ။

ကုမ္မာရသည် ညနေတွင် စွန်ပျံစီးရမည်ဟူသော အတွေးဖြင့် တစ်နေကုန်ပျော်ရွှင်နေမိ၏ ။

တိဘက်ဒေသတစ်ခုလုံး စိတ်ဝင်စားသောကစားနည်းမှာ စွန်လွှတ်ခြင်းပင်ဖြစ်၏ ။ အမျိုးသားကစားနည်းဟုပင် ခေါ်ဆိုနိုင်၏ ။ တိဘက်ဒေသ ဦးခရိုင်တွင် စွန်လွှတ်ခြင်းအလေ့အထအများဆုံးရှိ၏ ။

သို့သော် စွန်လွှတ်ခြင်းကို ရာသီဥတုအခြေအနေကြည့်ပြီး ကစားရ၏ ။ စွန်လွှတ်လျှင် မိုးနတ်မင်း မကြိုက်နှစ်သက်သောကြောင့် မိုးသည်းထန်စွာ ရွာသွန်းတတ်သည်ဟု အယူရှိ၏ ။ ထို့ကြောင့် မိုးမရွာနိုင်သော နွေဦးနှင့်ဆောင်းဦးပေါက်အချိန်များတွင် စွန်လွှတ်ရ၏ ။

ဆောင်းဦးရာသီများတွင် လာဆာမြို့တော်၏ ကောင်းကင်ယံတွင် အရွယ်အစားပုံသဏ္ဍာန်အမျိုးမျိုး၊ အရောင်အဆင်းအမျိုးမျိုးရှိသော စွန်များပျံဝဲနေလေ့ရှိ၏ ။ စွန်ကိုအများအားဖြင့် နဂါးပျံဝဲနေသော ပုံသဏ္ဍာန်ချိုးကြ၏ ။

နဂါးခေါင်းကို စွန်းဦးလုပ်ပြီး အတောင်များ၊ အမြီးရှည်များနှင့်

လှပအောင်တန်ဆာဆင်ပေးလေ့ရှိ၏။

ကုမ္မာရသည် ငယ်စဉ်ကပင် စွန်လွှတ်ခြင်းဓလေ့ကို ဝါသနာထုံ၏။

စွန်များကို အပြိုင်အဆိုင်လွှတ်ရင်း စွန်တစ်စင်းနှင့် တစ်စင်းကြိုးချင်းဖြတ်သော အလေ့အထလဲရှိ၏။ စွန်ကြိုးမှာ ပုလင်းကွဲစ မှန်ကွဲစများကို ကော်နှင့်သုတ်လိမ်းခြင်းအားဖြင့် သူတစ်ပါး၏ စွန်ကို အလွယ်တကူတိုက်ဖြတ်နိုင်၏။ ညဥ့်ပိုင်း၌ တိဘက်၏ ကောင်းကင်ယံတွင် ထောပတ်ဆီမီးခွက်များထည့်၍ စွန်အလှလွှတ်လေ့ရှိ၏။

ကလေးများက မီးရောင်စုံထွက်နေသော စွန်ကြီးများကို ကြည့်လျက်

"နဂါးကြီးက မျက်လုံးကနီနီ၊ ကိုယ်ကအလင်းရောင်စုံထွက်လို့ သိပ်ကြည့်ကောင်းတယ်ကွ"

ဟု သံပြိုင်အော်ဟစ်လေ့ရှိ၏။

တိဘက်တွင်ထူးခြားဆန်းကြယ်သော စွန်လွှတ်နည်းတစ်မျိုးလည်းရှိသေး၏။ ထိုနည်းမှာ စွန်ပျံထဲသို့ ခရုအခွံ (၃)ခုကို အသေအချာချိန်တွယ်၍ ထည့်လိုက်လျှင် ကောင်းကင်ယံသို့ ရောက်သောအခါ ကြောက်မက်ဖွယ် တွန်သံကြီးတစ်ခု ဖြစ်ပေါ်လာ၏။ ကုမ္မာရတို့ ငယ်စဉ်က ထိုတွန်သံကြီးကိုကြားလျှင် မြွေနဂါးကြီး၏ တွန်သံဟု ထင်မှတ်ကာ ဖိန့်ဖိန့်တုန်အောင်ကြောက်ရွံ့လေ့ရှိ၏။ ယနေ့ညတွင် ကုမ္မာရတို့ ကစားနည်းမှာ ရိုးရိုးစွန်လွှတ်နည်းမဟုတ်ဘဲ လူကိုယ်တိုင် လိုက်ပါစီးနင်းရသော စွန်ပျံနည်းဖြစ်၏။

ညနေစောင်းသောအခါ ကုမ္မာရက အစေခံမိန်းမပျိုများအား

"ငါမြင်းစီးလေ့ကျင့်ဖို့ သွားဦးမယ်၊ မိခင်ကမေးရင် ဖြေလိုက်ပါ"

ဟုမှာကြား၍ စံအိမ်တော်မှ ထွက်ခဲ့လေ၏။ စံအိမ်တော်နှင့်ဝေးကွာသောအရပ်သို့ ရောက်သောအခါ မြင်းစီးလေ့ကျင့်နေကျ

လွင်ပြင်ဖက်သို့မသွားဘဲ ကုန်းမြင့်ကြီးပေါ်သို့ မြင်းကိုစီးနှင်ခဲ့၏။ ကုန်းမြင့်ပေါ်ရှိ သစ်လုံးအိမ်ကလေးတွင် ကုမ္မာရ၏ ဖခင်ပိုင်ဆိုင်သော မြင်းဇောင်းတစ်ခုရှိ၏။ မြင်းဇောင်းရှိရာ သစ်လုံးအိမ်ရှေ့တွင် ခြေပစ်လက်ထိုင်နေသော အစေခံလူရွယ်နှစ်ဦးကိုတွေ့ရ၏။ ကုမ္မာရက မြင်းပေါ်မှ ခုန်ဆင်း၍

"အသင့်ဖြစ်နေပြီလားဟေ့"

ဟုမေးမြန်းလေရာ အစေခံလူငယ်တစ်ဦးက

"ကြိုးအသစ်တွေ ပြန်ချည်ထားတယ် သခင်လေး၊ စွန်ကတော့အကောင်းကြီးရှိပါသေးတယ်၊ ဖုန်တွေသုတ်ပြီး တပ်ဆင်ထားပါတယ်"

ဟု အားတက်သရောပြောလေ၏။ ကုမ္မာရရောက်လာသောအခါ မြင်းဇောင်းအတွင်းမှ စွန်ကြီးကို ဝိုင်းဝန်းထုတ်ယူကြလေ၏။ စွန်ကြီးကို တိဘက်တွင် မရှိသော သစ်တစ်မျိုးဖြင့် မှာယူပြုလုပ်ထားခြင်းဖြစ်။ ထိုသစ်မျိုးသည် အလွန်မာပြီးပေါ့ပါး၏။ အာသံမှမှာယူပြုလုပ်ထားသည်ဟု ကြားဖူး၏။

အစေခံလူရွယ်နှစ်ဦးသည် စွန်ပျံကြီးကိုကြည့်၍ စိတ်လှုပ်ရှားဟန်ဖြင့်

"အရှင့်သား၊ ဖြည်းဖြည်းစီးပါနော်၊ အထက်ကိုသိပ်တက်ဖို့မကြိုးစားပါနဲ့"

ဟု သတိပေးလေ၏။ ကုမ္မာရက ခေါင်းညိတ်၍

"စိတ်ချပါ၊ ငါ ဒီလောက်အတင့်မရဲပါဘူး၊ ကဲ...အချိန်မရှိတော့ဘူး၊ စွန်ကြိုးကိုချည်ပေးဦး"

ဟု ပြောလေ၏။ အစေခံလူရွယ်နှစ်ဦးသည် စွန်ကြီးမှကြိုးကို ကုမ္မာရ၏ ခါးတွင်သေချာစွာ စည်းနှောင်ပေးလေ၏။ တိဘက်ကဲ့သို့ လေအဟုန်ပြင်းထန်သောဒေသတွင် ထိုစကားနည်းမှာ လွန်စွာအန္တရာယ်များပြီး စိတ်လှုပ်ရှားရသောကစားနည်းပင်ဖြစ်၏။ စွန်ကို ခါးတွင်ချည်နှောင်ပြီး

မြင်းကိုဒုန်းစိုင်းပြေးသောအခါ စွန်ကြီးသည် လေထဲတွင်ဝဲပျံတက်သွားပြီး လေကြောင်းမိသောအချိန်တွင် မြင်းပေါ်ကလူကို အထက်သို့ ဆယ်ပေခန့်မြင့်အောင် ဆွဲခေါ်သွားလေ၏။ ပြီးသောအခါမှ ဖြည်းညှင်းစွာဖြင့် မြေပေါ်သို့ တငြိမ့်ငြိမ့်ကျလေ၏။ အန္တာရာယ်ရှိခြင်းမှာ လေပြင်းတိုက်ခတ်ပြီးအရှိန်နှင့်အဝေးသို့ လွင့်ပါပြီးသေဆုံးနိုင်၏။ ထို့ပြင်လေကြောင်းမိပြီးစွန်ပျံက အရှိန်နှင့် ဆွဲခေါ်မည့်အချိန်တွင် မြင်းခြေနင်းကွင်းမှ ခြေထောက်ကို အချိန်မီ မထုတ်နိုင်လျှင် ဒဏ်ရာအကြီးအကျယ်ရရှိနိုင်၏။ ထို့ကြောင့် ကုမ္မာရ၏ ဖခင်က စွန်ပျံစီးခြင်းကို တားမြစ်ထား၏။ ကုမ္မာရကမူ စွန်ပျံစီးခြင်းအရသာကို လွန်စွာနှစ်သက်သူဖြစ်သဖြင့် မကြာခဏ ခိုးစီး၏။ အစေခံလူရွယ်နှစ်ဦးသည် စွန်ကို မြင်းနှင့်ခပ်လှမ်းလှမ်းတွင်ထား၍ ရှေ့လမ်းကြောင်းရှင်းမရှင်း အကဲခတ်လေ၏။ စွန်ပျံသန်းမည့်အနီးတွင် ကျောက်တုံးကျောက်ခဲများရှိလျှင် စွန်ကို ထိခိုက်နိုင်၏။

ရှေ့လမ်းကြောင်းရှင်းနေပြီဖြစ်သဖြင့် အစေခံလူရွယ်က မြင်းကို ဒုန်းစိုင်းရန် အချက်ပြလိုက်လေ၏။

ကုမ္မာရက သူ၏ ခါးတွင် ချည်နှောင်ထားသော ကြိုးကို ခိုင်မခိုင် နောက်ဆုံးစစ်ဆေးလိုက်ပြီးနောက် မြင်းကိုဒုန်းစိုင်း၍ စတင်စီးနှင်လိုက်၏။ ထိုအခါ စွန်ပျံကြီးသည် မြင်း၏ နောက်မှ ခုန်တက်လိုက်ပါလာပြီး ဝဲပျံတက်နေလေ၏။

သို့သော် လေကြောင်းမမိသေးသောကြောင့် စွန်သည် အထက်သို့ မတက်သေးဘဲရှိ၏။

ကုမ္မာရသည် သတိကြီးစွာထား၍ မြင်းကိုဒုန်းစိုင်းစီးနေလေရာ ခဏကြာလျှင် ခန္ဓာကိုယ်တင်းခနဲ ခံစားလိုက်ရပြီး စွန်နှင့်အတူ လေထဲသို့ လွင့်မျောသွားလေ၏။

လေအဟုန်သည် မထင်မှတ်ဘဲ အလွန်ကောင်းသွားသဖြင့် ကုမ္မာရ၏ ခန္ဓာကိုယ်သည် မြေပြင်မှ ၁၅ပေခန့်အမြင့်သို့ ထိုးတက်သွား၏။

သူသည် ရင်ထဲတွင် လှပ်ခနဲဖြစ်သွားလေရာ ပျော်ရွှင်စွာဖြင့် ဟေးခနဲအော်ဟစ်လိုက်လေ၏။

အစေခံလူငယ်များကလည်း မြေပေါ်မှပင် ဝမ်းသာအားရလက်ခုပ်လက်ဝါးတီးလေ၏။

၎င်းတို့သည် ကုမ္မာရကဲ့သို့ စွန်ပျံစီးခွင့်မရသော်လည်း ကုမ္မာရ၏ အောင်မြင်ပုံကိုကြည့်၍ ကိုယ်တိုင်စီးနေရသကဲ့သို့ ခံစားရပုံရှိ၏။

ကုမ္မာရသည် လေဟုန်နှင့်ပြင်းထန်စွာ လွင့်မျောပါသွားပြီးနောက် ခန္ဓာကိုယ်ကိုတွန့်လိမ်၍ စွန်ကြိုးကို ဆောင့်ဆွဲလေ၏။

စွန်ပျံစီးသူသည် လေအဟုန်စီး၍ ကြိုးကိုဆောင့်ဆွဲလျှင် အထက်သို့ ပိုတက်တတ်သော သဘောရှိလေရာ ကုမ္မာရ၏ စွန်ပျံသည် အထက်သို့ ပိုမိုမြင့်တက်သွားလေ၏။

သူသည် လွန်စွာပြင်းထန်သော လေအဟုန်ကို ရရှိနေပြီဟု ခံစားရသဖြင့် အရဲစွန့်ပြီး စွန်ကြိုးကို အကြိမ်ကြိမ်ဆောင့်ဆွဲလိုက်လေရာ စွန်ပျံသည် မထင်မှတ်သောအမြင့်သို့ ပျံတက်သွားလေ၏။

ကုမ္မာရ၏ စွန်ပျံကို အောက်တွင်စောင့်ကြည့်နေသော အစေခံလူရွယ်လေးများက ကြည့်လျှက် ထိတ်လန့်စွာဖြင့်

"အရှင့်သား၊ ပြန်ဆင်းလာခဲ့ပါ၊ ပြန်ဆင်းလာခဲ့ပါ"

ဟု အော်ဟစ်လေ၏။

လူရွယ်များ၏ အော်ဟစ်သံကို ကုမ္မာရမကြားနိုင်တော့ဘဲ ၎င်းကိုယ်တိုင် စွန်ပျံနှင့်အတူထိတ်လန့်စွာလိုက်ပါသွားလေ၏။

ဤမျှမြင့်မားသောအရပ်သို့ စွန်ပျံနှင့်မရောက်ဖူးသဖြင့် တစ်ကိုယ်လုံး ဇောချွေးများပြန်လာ၏။

စွန်ပျံသည် ပြင်းထန်သောလေဟုန်စီး၍ ပျံတက်နေလေရာ ကုမ္မာရတို့စွန်ပျံစီးသော နယ်နိမိတ်သို့ ကျော်လွန်သွားလေ၏။

အစေခံလူရွယ်ကလေးများသည် ထိတ်လန့်စွာအော်ဟစ်၍ စွန်ပျံနောက်သို့ ပြေးလိုက်လာ၏။

ကုမ္မာရသည် စွန်ပျံစီးလာသော နယ်နိမိတ်ကို ကျော်လွန်သည်နှင့် သည်တစ်ကြိမ်သေတော့မည်ဟု တွေးလိုက်မိ၏။

ရုတ်တရက်လေပြတ်ပြီး စွန်အောက်သို့ တစ်ရှိန်ထိုးကျလျှင် ကျောက်ဆောင်ကျောက်တန်းများနှင့်ရိုက်မိပြီး အရိုးအသား တစ်စစီဖြစ်သွားနိုင်၏။

သူသည် ဘဝကူးကောင်းအောင် ဘုရားစာရွက်ဆိုရမည်လောဟု တွေးမိပြန်၏။

သို့သော ထိတ်လန့်လွန်းသဖြင့် ဘုရားစာကိုအစရှာ၍ မရပေ။

ထိုအခိုက်မှာပင် လေပြတ်ပြီး စွန်ပျံအောက်သို့ ထိုးဆင်းသွား၏။ သို့သော် လေပြင်းအနည်းငယ် ပင့်တိုက်လိုက်ပြန်သဖြင့် တရှိန်ထိုး ကျဆင်းသွားရာမှ ဦးမော့တက်သွား၏။

ထို့နောက်မြေပြင်သို့ တဖြည်းဖြည်းနိမ့်ဆင်းကျလာ၏။ စွန်ပျံ၏ အရှိန်အဟုန်နှေးသွားပြီး မြေပြင်သို့ တရွေ့ရွေ့ ကျဆင်းလာသဖြင့် ကုမ္မာရ သက်မချလိုက်နိုင်၏။

သို့သော် စွန်ပျံသွားရာ လမ်းကြောင်းကိုကြည့်၍ လွန်စွာထိတ်လန့် အံ့သြသွားမိ၏။

စွန်ပျံသည် လယ်သမားတစ်ဦး၏ နေအိမ်သို့ တည့်တည့်ကြီးဦးတည်ပျံသန်းနေ၏။ ကုမ္မာရသည် အိမ်နံရံနှင့် ရိုက်မိမည့်ဘေးကို စိုးရိမ်သွားပြီး ခန္ဓာကိုယ်ကို ကော့တင်၍ စွန်ပျံလမ်းကြောင်းကို မြှင့်တင်ရန်

ကြိုးစားလေ၏ ။

သို့သော် သူ၏ စွန်ပျံသည် အနည်းငယ်သာ မြင့်တက်သွားပြီး အိမ်ခေါင်မိုးတည့်တည့်သို့ ဝင်တိုက်ကာ စွန်ပျံနှင့်အတူ ဒရွတ်တိုက်၍ ပါသွားပြီး အိမ်နှင့် ခပ်လှမ်းလှမ်းကွင်းပြင်တွင် ကျဆင်းသွားလေ၏ ။

ကုမ္မာရသည် မြေပြင်နှင့် ရိုက်ခတ်ခြင်းမရှိဘဲ အကျတော်သော်လည်း ရုတ်တရက် ခြေတစ်ဖက်မျက်သွားသဖြင့် မထနိုင်ဘဲရှိ၏ ။ လယ်သမားကြီး၏ မိဖုရားစုများသည် အိမ်တွင်းမှ ထိတ်လန့်တကြားထွက်ကြည့်ကြပြီး ကုမ္မာရနှင့် စွန်ပျံကိုမြင်သောအခါ တအံ့တသြဖြစ်ပြီး လာရောက်ထူမပေးလေ၏ ။

လယ်သမားကြီး၏ အိမ်ခေါင်းမိုးပေါက်ထွက်သွားပြီး ခေါင်းမိုးပေါ်တွင် စုဆောင်းထားသော ဆောင်းတွင်းမီးလှုံရန် လောင်စာများမြေပေါ်သို့ ကျကုန်လေ၏ ။ တိဘက်လယ်သမားများသည် ဆောင်းတွင်းအအေးဒဏ်ကို ကာကွယ်နိုင်ရန် ယက်နွားချေးများကို အပြားများပြုလုပ်၍ နေပူလှမ်းကာ သိမ်းဆည်းလေ့ရှိ၏ ။

လယ်သမားကြီးမိသားစုသည် ကုမ္မာရအား တိဘက်ထိပ်တန်းဆယ်အိမ်ထောင်မှ သခင်လေးဖြစ်ကြောင်းသိသဖြင့် ဆူပူကြိမ်းမောင်းခြင်းမလုပ်ဘဲ ကောင်းမွန်စွာ ပြန်လွှတ်လိုက်လေ၏ ။ ကုမ္မာရက လွန်စွာအားတုံ့အားနာကြောင်းပြော၍ နောက်တစ်နေ့တွင် လျော်ကြေးအဖြစ်တိဘက်ဒင်္ဂါးအချို့ကို ကတ္တီပါအိတ်နှင့်ထည့်ကာ ပို့ပေးလိုက်၏ ။

***

အရှေ့တိုင်းနိုင်ငံတွေကတော့ အရက်

အကြောက်နဲ့ ဂုဏ်သိက္ခာကြောင့် လိင်စိတ်ကို

ချုပ်တည်းထားကြတယ်။ လိင်စိတ်ရှိကြောင်း

ဖွင့်ဟမယ်ဆိုရင် ရှက်စရာကောင်းတဲ့

အပြုအမူလို့ ထင်မှတ်ကြတယ်။

အခန်း(၂)

ကုမ္မာရတစ်ယောက် စွန်ပျံစီး၍ ကံကောင်းထောက်မစွာ အသက်မသေခြင်းကို ဖခင်မရိပ်မိ၍ တော်ပေသေး၏။ ထို့ကြောင့် နောက်တစ်နေ့တွင် စွန်ပျံစီးဖို့ စိတ်မကူးရဲတော့ဘဲ အိမ်တွင်းအောင်း၍ သာနေလေ၏။

ထိုအခိုက်မှာပင် အစေခံလူရွယ်တစ်ဦးရောက်လာပြီး

"သခင်လေး စာသင်ဖို့ ကြွတော်မူပါ"

ဟု ရိုရိုသေသေပြောလေ၏။

တိဘက်စကားမှာ အယဉ်သုံးနှင့် အရပ်သုံးဟူ၍ နှစ်မျိုးနှစ်စားရှိ၏။

အစေခံတွေက သူတို့ရဲ့သခင်ကို အယဉ်သုံးစကားနှင့်ပြောဆိုရလေ၏။ သခင်ကိုသာမက သခင်မွေးမြူထားသော တိရစ္ဆာန်ကိုပင် အယဉ်သုံးစကားဖြင့် ပြောဆိုဆက်ဆံရ၏။ ဖခင်ပေါတလ နေပြည်တော်သို့ သွားကာနီးတွင်

"ဘုန်းတန်ခိုးကြီးလှတဲ့မြင်းတော်ကို မြင်းဇောင်းရှေ့မှာ အသင့်ပြင်ထားပြီးပါပြီ"

ဟု ဖခင်ကို ပြောရလေ၏။

အိမ်၏ အနောက်ဘက်တွင် ကုမ္မာရကို စာသင်သောအခန်းရှိ၏။ စာသင်ခန်းတွင် တိဘက်နှင့်တရုတ်ဘာသာ နှစ်မျိုးနှင့် ဒဿနပညာ၊ သင်္ချာပညာ၊ ပန်းချီပန်းပုနှင့် ကဗျာစပ်နည်းကို သင်ကြားပေး၏။

သမိုင်းနှင့်ပထဝီဘာသာကို ဆရာတစ်ဦးက ထပ်မံသင်ကြားပေး၏။

စာသင်ခန်းထဲတွင် ဆရာတော်နှင့်နေပြီး ဆရာက

"ဒီနေ့ ဒဿနပညာသင်မယ်၊ လွန်ခဲ့တဲ့အပတ်က သင်ကြားခဲ့တာကို ပြန်မေးနိုင်တယ်"

ဟုပြောဆိုသဖြင့် ကုမ္မာရသည် တစ်တောင်ခန့်မြင့်သော သစ်သားခုံတွင် တင်ပျဉ်ခွေထိုင်လိုက်လေ၏။

ထို့နောက် မှတ်သားစရာရှိသည်များကို မှတ်သားရန် ကျောက်သင်ပုန်းကျောက်တံကို အသင့်ပြင်ထား၏။

တိဘက်ဒေသ အထက်တန်းလွှာများ၏ စာသင်ကျောင်းများတွင် ကျောက်သင်ပုန်းနှင့် ကျောက်တံတာကိုသာ အသုံးပြုရ၏။ ကျောက်တံက လွန်စွာမြင့်မားသော တစုလတောင်က ရရှိ၏။ တိဘက်ရှိကျောက်တံများသည် အနီ၊ အဝါ၊ အပြာ၊ အစိမ်း စသည်ဖြင့် ရောင်စုံရရှိနိုင်၏။ ဆရာက သူ၏ နောက်မှနေ၍

"ကုမ္မာရ အသင့်ဖြစ်ပြီးလား၊ မေးချင်တာ မေးလေ"

ဟုပြောလေ၏။ တိဘက်စာသင်ခန်းများတွင် ဆရာကို နောက်ခိုင်းထိုင်ရ၏။ ဆရာက အနောက်မှနေ၍ ကျောင်းသားတစ်ဦးချင်း၏ စိတ်ပါဝင်စားမှုကို အကဲခတ်နိုင်၏။ ကျောင်းသားများကလည်း ဆရာကြည့်မကြည့် မသိနိုင်သဖြင့် အမြဲတမ်း သတိထားပြီး နေရလေ၏။

ကုမ္မာရသည် အတွေးအခေါ် ဒဿနပညာကို ဝါသနာထုံသူဖြစ်၍ မေးခွန်းများ မကြာခဏ မေးလေ့ရှိ၏။ ကုမ္မာရက

"ဟိုအရင်အပတ်က ပြောခဲ့တာရှိပါတယ်၊ ကမ္ဘာပေါ်မှာ အသက်ရှိနေထိုင်သူအားလုံး လိင်စိတ်နဲ့ မကင်းနိုင်ကြဘူးလို့ ပြောခဲ့ပါတယ်၊ လူဦးရေ တိုးတက်ရေးမှာလဲ လိင်ရေးရာဟာ အဓိကလို အပ်ချက်တစ်ချက်ဖြစ်တယ်၊ ဒါတောင် လိင်ရေးရာဟာ ကမ္ဘာပေါ်မှာ ဘာလို့ ဒုတိယအရေးကြီးဆုံး ဖြစ်နေရတာ

လဲ”

ဟု မေးမြန်းလေ၏။ သူ၏ ဆရာက လေးနက်သောမေးခွန်းကိုသဘောကျဟန်ဖြင့် နားထောင်၍

“မင်းမေးခွန်းက သိပ်ကောင်းတယ်၊ အလွန်မေးသင့်တဲ့ မေးခွန်းတဲ့၊ လိင်စိတ်ဟာ အရေးကြီးတာ မှန်ပေမယ့် စိတ်အာရုံမရှိရင် လိင်စိတ်ဖြစ်မလာနိုင်ဘူး၊ ကမ္ဘာပေါ်မှာ အင်အားအကြီးမားဆုံးအရာက စိတ်အာရုံပဲ၊ ဗုဒ္ဓကလည်း ဒီအတိုင်းပဲ ဟောကြားခဲ့တယ်၊ ယောကျ်ားတစ်ယောက်ဟာ စိတ်အာရုံခံစားချက်မရှိရင် မိန်းမတစ်ယောက်ကို တပ်မက်စိတ်ဖြစ်မလာနိုင်ဘူး၊ တပ်မက်စိတ်ဆိုတာ စိတ်အာရုံခံစားချက်ရှိရင်တောင် လိုအပ်တဲ့အာဟာရ ပြည့်ပြည့်ဝဝ မရရင် ဖြစ်မလာနိုင်ဘူး”

ဟု ပြောလေရာ ကုမ္မာရက သူ၏ စကားကိုဖြတ်၍

“အာဟာရမပြည့်ဝရင် တပ်မက်စိတ်မဖြစ်နိုင်ဘူး၊ ဟုတ်လား”

ဟု ရေရွတ်လေ၏။

ဆရာတော်က ခေါင်းညိတ်၍

“တိဘက်ဆေးလားမားကျောင်းတစ်ခုမှာ စမ်းသပ်မှုတစ်ခုလုပ်ခဲ့ဖူးတယ်၊ ကျန်းမာရေးပြည့်စုံတဲ့ လူရွယ်လေးတွေကို အစားအစာအာဟာရမပြည့်အောင် အများကြီးလျှော့ကျွေးတယ်၊ တစ်ပတ်လောက်ကြာတော့ သူတို့ရဲ့ ကျန်းမာရေး လျော့နည်းလာပြီး အားအင်ကျဆင်းသွားတယ်၊ ဒီအခါမှာ အနောက်တိုင်းက ဝတ်လစ်စလစ်အမျိုးသမီးတွေရဲ့ ဓာတ်ပုံပေါင်းများစွာကို သူတို့ရှေ့မှာချထားတယ် ဒါကြောင့် သူတို့ဟာ လိင်စိတ်ဖြစ်ပေါ်မလာတော့ဘူး၊ ဒါကြောင့်လိုအပ်တဲ့ အာဟာရကို မရရင် လိင်စိတ်လျော့နည်းသွားတယ်ဆိုတာ စမ်းသပ်တွေ့ရှိနိုင်တယ်၊ ကမ္ဘာပေါ်မှာ အင်အားအကြီးမားဆုံးက စိတ်အာရုံပဲ၊ စိတ်အာရုံခံစားမှုမရှိရင်

စာရေးဆရာတွေ၊ ကဗျာဆရာတွေ၊ ပန်းချီပန်းပုဆရာတွေဆိုတာ မဖြစ်ပေါ်နိုင်ဘူး၊ ဒါပေမယ့် လူတော်တော်များများဟာ လိင်စိတ်ရဲ့စွမ်းအင်ကိုအသုံးချပြီး ကြီးမားတိုးတက်တဲ့ဘဝကို ရရှိအောင်ကြိုးပမ်းနိုင်ခဲ့တယ်၊ လိင်စိတ်ဟာ လူလောကတိုးတက်ရေးအတွက် ကြီးမားတဲ့ အင်အားကြီးတစ်ခုပဲ၊ ဒဿနပညာရှင်တွေဟာ ကမ္ဘာကြီးပျက်စီးပြီး လိင်စိတ်တစ်မျိုးတည်းသာ ကျန်ခဲ့မယ်ဆိုရင် ကမ္ဘာကြီးရဲ့ တိုးတက်မှုတွေ အားလုံးရပ်စဲသွားမယ်လို့ ဆိုကြတယ်”

ဟု ပြောလေရာ ကုမ္မာရက စိတ်ဝင်စားဟန်ဖြင့်

“သေသေချာချာရှင်းပါဆရာ”

ဟုမေးမြန်းလိုက်လေ၏။ ဆရာက အခန်းထောင့်သို့ သွားပြီးထောပတ်လက်ဖက်ရည်တစ်ခွက်ကို ငှဲ့ယူ၍ မော့သောက်လေ၏။ ပြီးမှ သူ၏ စကားကိုဆက်၍

“မင်းနားလည်အောင် အလွယ်ပြောရမယ်ဆိုရင် ကမ္ဘာပေါ်မှာ မိန်းမဆိုတဲ့သတ္တဝါလုံးဝ မရှိတော့ဘူးဆိုရင် ကမ္ဘာလောကကြီးတစ်လုံး တိုးတက်ပြောင်းလဲမှုဟာ ရပ်စဲသွားလိမ့်မယ်၊ ဒီလိုပဲ ယောကျ်ားတွေမရှိတော့ဘူးဆိုရင် မိန်းမတွေချည်းပဲ မရပ်တည်နိုင်တော့ဘူး”

ဟုပြောလေ၏။ ကုမ္မာရက စိတ်အားထက်သန်စွာဖြင့်

“ဒဿနပညာရှင်တွေက အတိအကျအဓိပ္ပာယ်ဖွင့်ထားသလားဆရာ”

ဟုမေးမြန်းလေ၏။ သူ၏ ဆရာက

“တိတိကျကျ အဓိပ္ပာယ်ဖွင့်ထားတယ်ရယ်လို့ မရှိဘူးပေါ့ကွာ၊ ဒါပေမယ့် မှန်းဆချက်တွေ တော့ရှိပါတယ်။ မင်းနားလည်မယ့် ဥပမာမျိုးနဲ့ပြောရရင် မိန်းမတွေမရှိတော့တဲ့အတွက် ယောကျ်ားတွေဟာ ဆန့်ကျင်ဘက်လိင်ဆိုတဲ့

တွန်းအား မရှိတော့တဲ့အတွက် အလုပ်ကိုကြိုးစားလုပ်တော့မှာ မဟုတ်ဘူး၊ ဘဝရည်မှန်းချက်နဲ့ အနာဂတ်ဆိုတာလဲ မရှိတော့ဘဲ ပေ့ါပေ့ါနေပေ့ါပေ့ါစား နေထိုင်ကြလိမ့်မယ်၊ ယောကျ်ားအချင်းချင်း ထောက်ထားညှာတာမှုအားလုံးဝမရှိဘဲ စိတ်သဘောထားတွေ တင်းမာလာကြလိမ့်မယ်၊ ကြမ်းကြုတ် ရက်စက်တဲ့စိတ်တွေလဲ ဖြစ်ပေါ်လာမယ်၊ ဘဝဆိုတာကြိုးစား ရုန်းကန်ဖို့ဆိုတာထက် မသေရုံတမယ်စားသောက်ဖို့ပဲ စဉ်းစားကြလိမ့်မယ်၊ သူတို့ဟာ အဝတ်အစားကိုလဲ သပ်သပ်ရပ်ရပ် မဝတ်တော့တဲ့အတွက် ကမ္ဘာပေါ်မှာရှိတဲ့ အဝတ်အစား ထုတ်လုပ်တဲ့စက်ရုံတွေအားလုံး ရပ်စဲသွားလိမ့်မယ်၊ အခြားသော ကုန်ပစ္စည်းတွေအားလုံးလဲ ဒီလိုပဲ ဖြစ်လိမ့်မယ်၊ အချို့သောယောကျ်ားတွေဟာ မလိုအပ်ရင် အဝတ်အစားကိုတောင် မဝတ်ဘဲ လမ်းမှားလျှောက်သွားနေလိမ့်မယ်၊ ဆံပင်တွေ မုတ်ဆိတ်တွေကိုလဲ ရိပ်ပယ်ကြမှာ မဟုတ်ဘူး၊ နောက်ဆုံးတော့ အရိုင်းအစိုင်းဘဝကို ပြန်ရောက်သွားနိုင်တယ်၊ ကမ္ဘာပေါ်မှာ ယောကျ်ားတွေမရှိတော့ရင်လဲ မိန်းမဆိုတဲ့သတ္တဝါဟာ ဒီလိုပဲဖြစ်မှာပဲ”

ဟုပြောလေရာ ကုမ္မာရက တအံ့တဩဖြင့်

“ထူးဆန်းလိုက်တာ ဆရာ၊ ကြားရတာ မယုံနိုင်စရာပါပဲ”

ဟုပြောလေ၏။ သူ၏ ဆရာက သက်ပြင်းချ၍

“သဘာဝ ကို နားလည်ရင် ဒါဟာ အံ့ဩစရာမရှိပါဘူး၊ သဘာဝ လောကကြီးမှာ အရာရာဟာ ဆန့်ကျင်ဘက်အဖိုနဲ့အမပေါင်းစပ်ထားတာပဲ၊ လျှပ်စစ်ဆိုတဲ့ဓာတ်မှာတောင် အဖိုဓာတ်နဲ့အမဓာတ်ဆိုတာရှိတာပဲ၊ ဒါကြောင့် လူသာမာန်တွေဟာ လိင်စိတ်ကို ဆန့်ကျင်စရာအကြောင်းမရှိဘူး၊ လိင်စိတ်ကို အသုံးပြုပြီး လူငယ် လူရွယ်တွေဟာ ကိုယ့်ဘဝတိုးတက်ရေးအတွက် အသုံးပြုနိုင်တယ်။ မြို့ထဲမှာ ဘာအလုပ်မှမလုပ်ဘဲ ဝေလေလေလျှောက်လည်နေတဲ့ လူရွယ်တစ်ယောက်ဟာ တစ်နေ့မှာ မိန်းကလေးတစ်ယောက်ကို ချစ်မိပြီး သူမနဲ့ပေါင်းစပ်ဖို့ ရည်မှန်းချက်ထားပြီး ကြိုးစားခဲ့ရာက ထူးချွန်တဲ့

လူတစ်ယောက်ဖြစ်နိုင်တယ်။ လိင်စိတ်ကို ကောင်းမွန်မှန်ကန်တဲ့နေရာမှာအသုံးချရင် စိတ်ချမ်းသာပျော်ရွှင်နိုင်တာတွေ့ရတယ်၊ ငါတို့အရှေ့တိုင်းနိုင်ငံတွေကတော့ အရှက်အကြောက်နဲ့ ဂုဏ်သိက္ခာကြောင့် လိင်စိတ်ကို ချုပ်တည်းထားကြတယ်၊ လိင်စိတ်ရှိကြောင်းဖွင့်ဟမယ်ဆိုရင် ရှက်စရာကောင်းတဲ့အပြုအမူလို့ ထင်မှတ်ကြတယ်၊ ဆာလောင်မွတ်သပ်မှုရှိရင် လူတွေဟာ ထမင်းဆာပြီလို့ နှုတ်ကပြောရဲကြတယ်၊ လိင်စိတ်နဲ့ ပက်သက်လို့တော့ အရှေ့တိုင်းက လူတွေဟာ ပွင့်ပွင့်လင်းလင်း မပြောဆိုကြဘူး၊ တကယ်တော့ လိင်စိတ်ရှိရက်နဲ့ ချုပ်တည်းထားတာ ပိုဆိုးပါတယ်၊ စိတ်စွမ်းအင်ပြည့်ဝမှုအတွက် ထိခိုက်မှုတွေဖြစ်ပေါ်တယ်၊ လျှို့ဝှက်နက်နဲတဲ့ပညာရပ်တွေကို လေ့လာလိုက်စားတဲ့သူတွေဟာ လိင်စိတ်ကို စွန့်ပယ်လိုက်ရင် ပညာဘက်မှာ တိုးတက်လာမယ်လို့ ထင်ကြတယ်၊ ဒါပေမယ့် အချို့သောပုဂ္ဂိုလ်ကြီးတွေဟာ လိင်စိတ်ကို မစွန့်ပယ်ဘဲ သဘာဝ အတိုင်း နေပေမယ့် ပညာရပ်တွေမှာ အံ့သြဖို့ကောင်းအောင် တိုးတက်လာတာတွေ့ရတယ်”

ဟုပြောလေ၏။ ကုမ္မာရက စိတ်ဝင်စားစွာဖြင့် ခေါင်းတဆတ်ဆတ်ညိတ်၍

“လောကမှာ ရှိသမျှလူတွေအားလုံး အိမ်ထောင်ပြုသင့်တယ်လို့ ဆိုနိုင်လားဆရာ”

ဟု မေးမြန်းလေ၏။ သူ၏ ဆရာက

“သဘာဝ တရားရဲ့အလိုအရတော့ မျိုးဆက်ပြန့်ပွားရေးအတွက် အိမ်ထောင်ပြုကိုပြုရမယ်၊ အိမ်ထောင်မပြုခဲ့ရင် လူဦးရေတိုးတက်မှု ရပ်စဲသွားမယ်၊ ဒါပေမယ့် ချွင်းချက်တစ်ခုတော့ရှိပါတယ်၊ လူတစ်ဦးတစ်ယောက်ချင်းအနေနဲ့ အိမ်ထောင်မပြုဘဲ နေလိုက နေနိုင်တယ်၊ သဘာဝ လောကအတွက် ပြဿနာ မရှိနိုင်ပါဘူး၊ ကဲ ဒီနေ့တော့ ဒီလောက်ပဲ ကုမ္မာရ၊ အခြားဘာသာတွေအတွက် စာကျက်စရာရှိရင် ကျက်ပေတော့၊ ဆရာပြန်တော့မယ်၊ ညက အအေးမိလို့

နေသိပ်မကောင်းဘူးကွယ်၊ ဒါကြောင့် အတန်းစောစော ဖြုတ်ရတာ ပဲ”

ဟုပြောလေ၏။ ဒသဃနပညာသင်ကြားသောအရာသည် လွန်စွာပိန်လှီပြီး ရောဂါထူပြောလှသူဖြစ်၏။ ထိုဆရာပြန်သွားသောအခါ ကုမ္မာရသည် အချိန်အနည်းငယ် ကျန်ရှိနေသဖြင့် တရုတ်ဘာသာ ဝေါဟာရများကို ကျက်မှတ်နေလေ၏။

***

# အခန်း(၃)

တိဘက်ဒေသတွင် ရှေးကပင် အသုံးပြုသော စာကျက်နည်းတစ်ခုရှိပါသည်။ ကျောင်းသားတစ်ယောက်အတွက် သေးငယ်သော အံဆွဲများ မြောက်မြားစွာပါသည့် ဗီရိုများပြုလုပ်ထားရပါသည်။ အံဆွဲ၏ နဖူးစီးတွင် အမျိုးအမည်ဖော်ပြထားသော စာတမ်းကလေးများ ရေးထိုးထားပါသည်။ ကျောင်းသားသည် မိမိရေးမှတ်ထားသော မှတ်စုကို သက်ဆိုင်ရာအံဆွဲတွင်ထည့်၍ ထိုအံဆွဲကို စိတ်ထဲတွင် စွဲမြဲစွာမှတ်ထားရ၏ ။ နောင်အခါ မိမိသိလိုသောအကြောင်းအရာ ပေါ်ပေါက်လာလျှင် အံဆွဲအမျိုးအစားကို ဦးစွာစဉ်းစား၍ အံဆွဲထဲရှိမှတ်စုကိုရှာဖွေရပါသည်။ ကုမ္မာရသည် ခဏကြာအောင် စာကျက်ပြီးနောက် အောက်ပါဥပဒေသကို ရေရွတ်၍ စာသင်ခန်းထဲမှထွက်လာခဲ့လေတော့၏ ။

အကောင်းကို အကောင်းဖြင့်သာ တုံ့ပြန်ရ၏ ။

သိမ်မွေ့သူကို ရန်မမူရ၊ ကျမ်းစာ၏ အနက်ဂတ်အဓိပ္ပာယ်ကို နားလည်ပါစေ။

အိမ်နီးချင်းကိုကူညီပါ၊ ကြွေးဟောင်းကို ချက်ခြင်းပေးဆပ်ပါ၊

လူချမ်းသာအား ကိုယ်ချင်းစာတရားနှင့် ငဲ့ညှာထောက်ထားမှုကို နားလည်စေရန် ဥပဒေက ထိန်းကွပ်သည်။ ဆင်းရဲသားအား ငဲ့ညှာသောအားဖြင့် ဥပဒေက စာနာထောက်ထားခွင့်ပြုသည်။

တိဘက်ဒေသရှိ စာသင်ခန်းများတွင် ထိုဥပဒေကို ကျောင်းခန်းမသို့ ဝင်လျှင် တစ်ကြိမ်၊ ထွက်လျှင်တစ်ကြိမ် ရွတ်ဆိုရပါသည်။

ညနေစောင်းသောအခါ ကုမ္မာရ၏ အထိန်းတော် ရမ်းတာကြီးရောက်လာပြီး

"ကုမ္မာရ မြင်းစီးမလေ့ကျင့်ဘူးလား"

ဟုမေးမြန်းလေ၏။ ကုမ္မာရက စိတ်မပါဟန်ဖြင့် ခေါင်းခါ၍

"ကျုပ် ဒီနေ့ မြင်းမစီးချင်ဘူး"

ဟု ငြင်းဆိုလေရာ ရမ်းတာကြီးက သက်ပြင်းချ၍

"မြင်းမစီးချင်ရင်လဲ ကိုယ်ခံပညာလေ့ကျင့်ဖို့ ကျုပ်နဲ့ လိုက်ခဲ့ပါ ကုမ္မာရလို ထိပ်တန်းဆယ်အိမ်ထောင်က လူငယ်တစ်ယောက်အတွက် အလကားအချိန်မဖြုန်းသင့်ပါဘူး"

ဟု ပြောလေရာ ကုမ္မာရလည်း စိတ်ပျက်လက်ပျက်ဖြင့် ရမ်းတာနောက်သို့ လိုက်ခဲ့လေ၏။ ရမ်းတာသည် စံအိမ်ကြီးနှင့် ခပ်လှမ်းလှမ်းရှိ သိုင်းလေ့ကျင့်ရာ မြေကွက်လပ်သို့ ဦးဆောင်ခေါ်သွားလေ၏။

ထိုနေရာတွင် ရမ်းတာကြီး၏ သိုင်းလေ့ကျင့်ရာပစ္စည်းများရှိ၏။ ရမ်းတာသည် ယက်နွှားသားရေဖြင့် အထပ်ထပ်ရစ်ပတ် ထားသော သစ်လုံးတိုင်တစ်တိုင်ရှေ့တွင်ရပ်၍

"ဒီနေ့တော့ ခြေကန်လေ့ကျင့်ရမည်၊ ခြေကန်တဲ့အခါမှာ ပုံစံကျကျကန်နိုင်အောင် ကြိုးစားပါ၊ ပုံစံမကျရင် အကျိုးမရှိဘဲ ပင်ပန်းတာပဲအဖတ်တင်မယ်၊ ငါကန်တဲ့ပုံစံကို သေသေချာချာ ပြန်ကြည့်ပါ"

ရမ်းတာကြီးသည် ပြောပြောဆိုဆိုဖြင့် ယက်နွှားသားရေ ပတ်ထားသော သစ်လုံးတိုင်ကို တဖြောင်းဖြောင်းကန်ပြလေရာ သစ်လုံးတိုင်မှာ လှုပ်ယမ်းသွားလေ၏။ ကုမ္မာရ၏ အလှည့်သို့ ရောက်သောအခါ ရမ်းတာကကြည့်၍ ခေါင်းခါယမ်းလိုက်ပြီး

“ဘယ်လိုမှ ပုံစံမကျဘူး၊ ခွန်အားလည်းမပါဘူး၊ ဒီလို လေ့ကျင့်နေမယ်ဆိုရင်တော့ တိုးတက်မှုရမှာမဟုတ်ဘူး ကုမ္မာရ၊ တကယ်တော့ အရေးကြီးဆုံးက စိတ်ပါပဲ၊ ကုမ္မာရက စာပေပညာ ကလွဲရင် အရာရာကို ဆန့်ကျင်နေတာခက်တယ်”

ဟု ပြောဆိုလေရာ၊ ကုမ္မာရက ခြေကန်ခြင်းကို ရပ်၍ မျက်မှောင်ကြုတ်ကာ

“ဆန့်ကျင်နေတယ်ဟုတ်လား”

ဟု ရေရွတ်လေ၏ ။ ရမ်းတာက ခေါင်းညိတ်၍

“ဟုတ်တယ်၊ ကုမ္မာရဆန့်ကျင်နေတယ်။ စိတ်မပါတဲ့သူကို စိတ်ပါအောင် ကြိုးစားလေ့ကျင့် ခိုင်းလို့ရတယ်၊ ဆန့်ကျင်နေတဲ့ သူတွေကိုတော့ ကြိုးစားခိုင်းဖို့ခက်တယ်၊ တိုးတက်မှုလဲ ဖြစ်မှာ မဟုတ်ဘူး၊ တကယ်တော့ ဒီပညာတွေကို ဆန့်ကျင်စရာမရှိပါဘူး၊ ဒါတွေဟာလဲ သဘာဝ လောကရဲ့ လိုအပ်မှုတစ်ပါပဲ”

ဟု ပြောလိုက်လေတော့၏ ။

***

တစ်နေ့သ၌ ရေးဟောင်းတရုတ်ဒဿန ကျမ်းစာအုပ်ဖတ်ရှုနေသော ကုမ္မာရ၏ အနီးသို့ အထိန်းတော်ကြီး ရမ်းတာ ရောက်ရှိလာပြီး

“ရေသဘင်ပွဲကိုဆင်နွှဲဖို့ ကုမ္မာရလိုက်ခဲ့ရမယ်လို့ သခင်ကြီးက အမိန့်ချမှတ်လိုက်တယ်”

ဟုပြောလေရာ လူအများနှင့် ရောရောနှောနှော မနေချင်သော ကုမ္မာရသည် စိတ်ပျက်လက်ပျက်ဖြစ်သွားလေ၏ ။

တိဘက်ဒေသတွင် တစ်နှစ်လျှင် ၁၂ လလုံးလုံး ပွဲတော်များ ကျင့်ပလေ့ရှိ၏။

ထိုပွဲတော်များသည် တိဘက် အဋ္ဌမလ (အောက်တိုဘာလ) ၈ရက်တွင် ကျင်းပရသော ရေသဘင်ပွဲတော်သည် ပျော်ရွှင်ဖွယ်အကောင်းဆုံးဖြစ်၏။ ထိုနေ့တွင် ကောက်သိမ်းပွဲကျင်းပပြီး ကောက်သိမ်းပွဲနှင့် သကြံန်ပွဲတော်ကို ပူးတွဲကျင်းပ၏။

တိဘက်ဒေသတွင် မိုးမရွာသောကြောင့် မြစ်ရေကိုသာ အဓိကထား၍ စိုက်ပျိုးရသဖြင့် မြစ်ရေမရလျှင် မစိုက်ပျိုးနိုင်ကြောင်း သတိရစေလိုသောသဘောဖြင့် ကောက်သိမ်းပွဲနှင့် ရေသဘင်ပွဲကို ပူးတွဲကျင်းပခြင်းဖြစ်၏။

ရေသဘင်ပွဲတော်ကို တိဘက်ထိပ်တန်းမိသားစုကြီးများပူးပေါင်း၍ လာဆာမြို့တော်ဥယျာဉ်ကြီးတွင် ကျင်းပ၏။

ထိုပွဲတော်သို့ မင်းစိုးရာဇာနှင့် ထိပ်တန်းမိသားစုကြီးများသာ တက်ရောက်ရပြီး ပျော်ပွဲရွှင်ပွဲများ စည်စည်ကားကားရှိ၏။ ထိပ်တန်းမိသားစုများမှ လူငယ်လူရွယ်များသည် ရေသဘင်ပွဲတော်သို့ လိုက်ပါခွင့်ရရန် လွန်စွာစိတ်အားထက်သန်ကြ၏။ ကုမ္မာရကမူ ၎င်းတို့နှင့် ဆန့်ကျင်ဘက်ဖြစ်၏။

"တစ်ယောက်နဲ့တစ်ယောက် ဥယျာဉ်ထဲက ရေတွေခပ်ပြီး ပက်ကြ၊ တိဘက် ဘီယာတွေ၊ ဝိုင်တွေသောက်ပြီး မူးရူးပြီး သီချင်းတွေဆို၊ အဓိပ္ပာယ်မဲ့တဲ့စကားတွေပြော၊ ဘာအဓိပ္ပာယ်မှမရှိဘူး၊ ဒီအလုပ်မျိုးကို ကျုပ်လုံးဝမကြိုက်ဘူး"

ဟုပြောလေရာ ရမ်းတာကြီးက လေသံတီးတိုးဖြင့်

"တိုးတိုးပြောပါ ကုမ္မာရရယ်၊ သခင်ကြီးသိသွားရင် ပြဿနာတက်တော့မှာပဲ၊ ဒီပွဲတော်ကို တိဘက်က ထိပ်တန်း မိသားစုတွေအားလုံး

တက်ရောက်ကြတဲ့ အစဉ်အလာပဲလေ”

ဟုပြောလေ၏။ ကုမ္မာရကမူ ခေါင်းကိုခါယမ်း၍

“အစဉ်အလာဆိုတာ ကျူပ်လက်မခံဘူး၊ အစဉ်အလာဆိုတာနဲ့ အဓိပ္ပာယ်မဲ့တဲ့ အလုပ်တွေကို မျက်လုံးမှိတ်ပြီး လုပ်ရမှာလား”

ဟုပြောလေ၏။ မည်သို့ပင်ဖြစ်စေ ရေသဘင်ပွဲတော်ဆင်နွှဲမည့်နေ့တွင် ကုမ္မာရသည် ရှောင်လွှဲလို့မရဘဲ မိဘများနှင့် လိုက်ပါရန် ပြင်ဆင်ရလေ၏။

ကုမ္မာရ၏ အဖေက ယခုပွဲအတွက် ထူးခြားစွာ ပြင်ဆင်ခြင်း မရှိသော်လည်း သူ၏ မိခင်ကမူ အထူးပင် ဝတ်စားဆင်ယင်ထား၏ ယက်သားမွေးထဘီအနီရင့်ရောင်နှင့်ကြက်သွေးနီရောင်ရှိသော တိဘက်ကတ္တီပါဖိနပ်ကို ဝတ်ဆင်ထား၏။ ညာဘက်ပခုံးတွင် ပိုးသရိုကိတ်ပဝါကို လွှားတင်ထားပြီး ရင်ဘတ်ပေါ်တွင် ရွှေပြားဝိုင်းကြီးဖြင့် အလှဆင်ထား၏။ လည်ပင်းတွင်မူ လွန်စွာကြီးမားသည့် ရွှေဘယက်ကြီး တစ်ကုံးကို ဆွဲထား၏။

အမေ၏ ဆံပင်ကိုမူ ရက်ပေါင်းများစွာကပင် ကြိုတင်၍ ကျစ်ဆံမြီးတစ်ရာရှစ်ချောင်းပြည့်အောင် ထိုးရ၏။ တိဘက်တွင် တစ်ရာ့ရှစ်ဂဏန်းသည် မင်္ဂလာဖြစ်၏။ ကျစ်ဆံမြီးတစ်ရာ့ရှစ်ချောင်းထိုးနိုင်လျှင် အထူးမင်္ဂလာနှင့်ပြည့်စုံသည်ဟု ယူဆကြ၏။

ကုမ္မာရ၏ ဖခင်ကမူ သာမာန်ပွဲနေပွဲထိုင်အဝတ်အစားဖြစ်သော နီညိုရောင်ဝတ်စုံကိုဝတ်ဆင်ထား၏။ ကုမ္မာရတို့ စီးနင်းမည့် မြင်းများအားလုံးကို ကြက်သွေးရောင် မြင်းကုန်းနှီးအကောင်းစားများဖြင့် တန်ဆာဆင်ထား၏။

ကုမ္မာရတို့မိသားစုနှင့်လိုက်ပါမည့် ကိုယ်ရံတော်စစ်သည် (၆)ယောက်၏ အဝတ်အစားများနှင့်မြင်းများကို အထိန်းတော်ကြီး ရမ်းတာက စစ်ဆေးကြည့်ရှုရလေ၏။

မိသားစု အားလုံးအသင့်ဖြစ်သောအခါ မိခင်နှင့်ဖခင်က မြင်းများကို ဦးစွာမောင်းနှင်၍ ၎င်းတို့အနောက်မှ ကုမ္မာရ၏ မြင်းက လိုက်ရ၏။ ကုမ္မာရ၏ အနောက်မှ ကိုယ်ရံတော် (၆)ယောက်၏ မြင်းများ လိုက်ပါကြ၏။

လက်နက်ကိုင်ကိုယ်ရံတော်များသည် တံခွန်များကိုကိုင်၍ အနောက်မှလိုက်ပါကြ၏။ လမ်းခရီးတွင်တွေ့ရသော ဆင်းရဲသားပြည်သူများက ဝဲယာသို့ အလျှင်အမြန်ဆင်းပေးရ၏။ ဥယျာဉ်တော်တံခါးဝသို့ရောက်သောအခါ တိဘက်ထိပ်တန်းမိသားစုဝင်များ၏ မြင်းများနှင့်ဆုံ၍ ကုမ္မာရ၏ ဖခင်နှင့်မိခင်သည် လိုက်လှဲဖော်ရွေစွာ နှုတ်ဆက်ကြလေ၏။ ကုမ္မာရကမူ သူနှင့်ရွယ်တူလူငယ်လေးများ၏ အတောမသတ်ပျော်ရွှင်နေမှုများကို ရှုတင်းတင်းမျက်နှာနှင့် ကြည့်ရှုနေလေ၏။ အချို့သော မိသားစုဝင်များက

“နောက်ကလိုက်လာတာ ကုမ္မာရနဲ့တူတယ်၊ ကြည့်စမ်းအတော်ထွားလာတာပဲဟေ့”

ဟုအော်ကြီးဟစ်ကျယ်ပြောဆိုသော်လည်း ကုမ္မာရကမူ မည်သည့်စကားကိုမှ မဆိုဖြစ်ဘဲ တိတ်တဆိတ်ရှိနေ၏။

သူသည် လူအများကြားတွင် အော်ကြီးဟစ်ကျယ်လုပ်ဖို့ထက် တစ်ဦးတည်း ကဗျာစပ်ချင်နေ၏။

ကုမ္မာရ၏ ဖခင်နှင့်မိခင်သည် မင်းစိုးရာဇာများအတွက် သီးသန့်ဆောက်လုပ်ထားသော ရွှေရောင် မဏ္ဍပ်ကြီးသို့ ထွက်ခွာရန် ပြင်လေ၏။ ဖခင်က ကြောင်အမ်းအမ်းဖြစ်နေသော ကုမ္မာရဘက်သို့လှည့်၍

“ကုမ္မာရ ငါတို့နဲ့ မဏ္ဍပ်ကို လိုက်ခဲ့မလား၊ ဥယျာဉ်ထဲမှာပဲ နေမလား”

ဟု မေးမြန်းလေ၏။ ကုမ္မာရက ရွှေရောင်မဏ္ဍပ်ကြီးကို လှမ်းကြည့်၍ စိတ်ကျဉ်းကျပ်သည်နှင့်

"ကျွန်တော် ဥယျာဉ်ထဲမှာပဲ နေချင်တယ်"

ဟု တီးတိုးပြောလိုက်၏။ ကုမ္မာရ၏ ဖခင်သည် သားဖြစ်သူ၏ မထုံတက်တေး အမူအရာကို မနှစ်မြို့ဟန်ဖြင့်ကြည့်၍ ကြိုဆိုသူ၏ နောက်သို့ လိုက်ပါသွားလေ၏။

ကုမ္မာရသည် ဥယျာဉ်ထဲတွင် သူနှင့်ရွယ်တူ မင်းစိုးရာဇာတို့၏ သားသမီးများ အများစုဖြစ်ကြ၏။ ချောမောလှပသော အမျိုးသမီးများသည် ပုလဲပုတီးနှင့်ရောင်စုံ အဝတ်အထည်များကို ဆင်ယင်၍ သွားလာနေကြ၏။

ယောကျ်ားကလေးအများစုမှာ တိဘက်ဘီယာသောက်သုံး၍ မူးယစ်နေဟန်ရှိပြီး မိန်းမပျိုများကို နောက်ပြောင် ကျီစယ်နေ၏။ ကုမ္မာရသည် ရွယ်တူယောကျ်ားများ၏ ညစ်ညမ်းသောစကားများနှင့် တဏှာခိုးဝေ့နေသော မျက်လုံးမျက်လုံးများကိုကြည့်၍ မသိမသာခေါင်းခါယမ်းလိုက်မိ၏။

သူသည် ဥယျာဉ်တော်အတွင်းရှိ လူသူကင်းရှင်းသော ကျောက်ကုလားထိုင်တွင် တစ်ကိုယ်တည်းပျင်းရိညည်းငွေ့စွာ ရှိနေစဉ် အနီးသို့ လူရွယ်တစ်စုရောက်လာပြီး

"ဟိုက် ...ကုမ္မာရပါလား၊ ဒီမှာတစ်ယောက်တည်း အဖော်မဲ့နေတယ်၊ ကဗျာဆရာကြီး ကဗျာစပ်မလို့လား"

ဟု တဟားဟားရယ်မောသံကိုကြား၍ လှည့်ကြည့်လိုက်ရာ ၎င်းနှင့်တစ်ဝမ်းကွဲအစ်ကိုတော်သူ ကုသလဖြစ်ကြောင်းတွေ့ရ၏။

ကုသလသည် မိခင်၏ အစ်မကြီး၏ သားဖြစ်ပြီး လွန်စွာဆိုးသွမ်း၍ စိတ်သဘောထား ညံ့ဖျင်းသူဖြစ်၏။

လာဆာမြို့တော်ရှိ ဆင်းရဲသား မိန်းမပျိုလေးများကို မကြာခဏ ခေါ်ယူဖျက်ဆီးတတ်သူလည်းဖြစ်၏။ ကုသလကိုမတွေ့ချင်၍ ရှောင်ပုန်းနေကာမှ

တိုက်တိုက်ဆိုင်ဆိုင် တွေ့ရပေပြီ။ ကုသလက အသံကျယ်လောင်စွာဖြင့်

“ဟိုက်…ကုမ္မာရရဲ့ ကိုယ်မှာ ရေမစိုသေးပါလား၊ ရေနဲ့ပတ်ကြဟေ့၊ ပက်ကြ”

ဟုဆိုကာ ၎င်းတို့လက်ထဲတွင် ပိုက်ထားသော ဘီယာအိုးငယ်များဖွင့်၍ ဘီယာများနှင့် ပက်ကြလေ၏။

တိဘက်တွင် ဘီယာကို အိုးငယ်များနှင့် ထည့်သိမ်းသော အလေ့အထလည်းရှိ၏။ ကုသလ၏ အပေါင်းဖော်များကြောင့် ကုမ္မာရ၏ တစ်ကိုယ်လုံးဘီယာများနှင့် ရွှဲရွှဲစိုသွားလေ၏။

ကုမ္မာရသည် ခန္ဓာကိုယ်ကို ရေနှင့်မပက်ပဲ ဘီယာနှင့်ပက်သဖြင့် ဒေါသထောင်းခနဲဖြစ်သွားသော်လည်း အမျိုးအဆွေချင်းသည်းခံရမည်ဟူသော ဥပဒေသကြောင့် သည်းခံလိုက်ရ၏။ ထို့နောက်တွင်မူ ကုမ္မာရသည် ကုသလ၏ အပေါင်းအဖော်များ၏ တွန်းထိုးခေါ်ဆောင်မှုကြောင့် ဥယျာဉ်အတွင်းရှိ ဘီယာအရက်များရောင်းချပေးသောနေရာသို့ ရောက်ရှိသွားလေ၏။

ဘီယာများကို တိဘက်မိန်းမပျိုလေးများက ရောင်းချပေးခြင်းဖြစ်၏။ ကုသလတို့လူစုသည် လူရွယ်များထဲတွင် အင်အားအတောင့်ဆုံးဖြစ်ပြီး ဆိုး၀ါးဆုံးလည်းဖြစ်၏။ ကုသလ၏ ဖခင်သည် တိဘက်နန်းတွင်း၌ ရာထူးအဆင်းအတန်းကြီးမြင့်သူဖြစ်လေရာ ကုသလအား မြှောက်ပင့်ပေါင်းသင်းသူ အစိုးရအရာရှိကြီးများ၏ သားသမီးများ ဝိုင်းဝိုင်းလည်နေလေ၏။

ကုသလသည် မိန်းမပျိုလေးများကို အော်ကြီးဟစ်ကျယ်ခေါ်ဝေါ်၍ ဘီယာများကို ထပ်မံမှာယူ၏။

မိန်းမပျိုတစ်ဦးသည် ဘီယာအိုးကိုပိုက်၍ ကုသလတို့ ဝိုင်းသို့ ရောက်လာလေ၏။ ထိုအခါ ကုသလ၏ အပေါင်းအဖော်တစ်ဦးက ဘီယာတန်ခိုးဖြင့် သွေးကြွလာပြီး မိန်းမပျို၏ လက်ကို ဆွဲကိုင်လိုက်၏။

ထိုအခါ မိန်းမပျို၏ မျက်နှာ ရဲခနဲဖြစ်သွားပြီး

"အို..ဘာလုပ်တာလဲ၊ လွှတ်ပါ၊ ရှင်တို့ မမိုက်ရိုင်းနဲ့နော်"

ဟု ပြောလေ၏ ဥယျာဉ်ထဲတွင် ဘီယာရောင်းသောမိန်းမပျိုများသည် လာဆာမြို့တော်ရှိ ဆင်းရဲနွမ်းပါးသော မိသားစုများမှဖြစ်၏ ။

လူရွယ်သည် ရိုင်းစိုင်းသူဖြစ်ပြီး မိန်းမပျိုလေး၏ စကားကြောင့် တဟားဟားရယ်မောကာ သူမ၏ တင်ပါးကို လှမ်းကိုင်လိုက်ပြန်၏ ။

ထိုမြင်ကွင်းကိုကြည့်၍ ကုသလတို့လူစုက သဘောကျဟန်ဖြင့် ဝိုင်းဝန်းရယ်မောကြ၏ ။ ကုမ္မာရကမူ ရိုင်းစိုင်းလှသော လူရွယ်၏ အပြုအမူကို မကြည့်နိုင်တော့ဘဲ ထိုင်ရာမှ ဆတ်ခနဲထ၍ လူရွယ်၏ ဂုတ်ကိုဆွဲကာ ထိုင်ခုံမှ ဆွဲချလိုက်လေ၏ ။

လူရွယ်သည် ရုတ်တရက်မို့ ထိုင်ခုံပေါ်မှကျကာ မြေပြင်ပေါ်တွင် နှစ်ပတ်သုံးပတ် လိမ့်သွားပြီး ကုန်းရုန်းထကာ

"သေပေတော့၊ ငါ့ကို စော်ကားတဲ့ကောင်"

ဟု အော်ဟစ်ကာ ကုမ္မာရကိုပြေး၍ လက်သီးဖြင့် ထိုးလေ၏ ။ ရှောင်သိမ်းလိုက်သဖြင့် ပထမလက်သီးချက် လွတ်သွားသော်လည်း မိုးသီးမိုးပေါက်ပမာပြင်းထန်သော လူရွယ်၏ လက်သီးချက်များကို မရှောင်နိုင်တော့ပေ။

ထိုလူရွယ်သည် ကိုယ်ခံပညာကောင်းမွန်သူဖြစ်ပြီး လွန်စွာသန်မာထွားကျိုင်းသူဖြစ်၏ ။ ကုမ္မာရနှင့်လူရွယ်သည် လက်သီးထိုးရာမှ နပန်းလုံးသောအဆင့်သို့ ရောက်ရှိသွားလေ၏ ။ ကုသလနှင့် အပေါင်းအဖော်များမှာ အမူးလွန်သဖြင့် ထိထိရောက်ရောက် မဆွဲနိုင်ဘဲ နံဘေးမှသာ ဝိုင်းဝန်းအော်ဟစ်နေလေ၏ ။

ကုမ္မာရနှင့် လူရွယ်သည် တစ်ဦးနှင့်တစ်ဦးချုပ်ကိုင်၍ နပန်းသတ်ရင်း ဥယျာဉ်အတွင်းရှိ ထောပတ်လက်ဖက်ရည်စည်ကြီးအနီးသို့ ရောက်သွားလေ၏။

ထိုစည်ကြီးသည် ပွဲတော်လာ ဧည့်ပရိသတ်များအတွက် ရည်စူး၍ ပြုလုပ်ထားသဖြင့် လွန်စွာကြီးမား၏။

ဥယျာဉ်၏ အလယ်ဗဟိုတွင်ရှိပြီး မြေကြီးကိုကြီးမားသော တွင်းကြီးတူးကာ အောက်မှ မီးဖိုထားခြင်းဖြစ်၏။

စည်ကြီးကို မျက်စိပသာဒဖြစ်အောင် လှပသောရောင်စုံသစ်လုံးတိုင်များနှင့် ဝိုင်းပတ်ထား၏။

ထိုသစ်လုံးတိုင်များ၏ ထိပ်တွင် ရောင်စုံမီးပုံးများ ချိတ်ဆွဲထား၏။ သစ်လုံးတိုင်များ တစ်တိုင်နှင့်တစ်တိုင် ရောင်စုံကြိုးများချည်နှောင်ထား၏။

ထောပတ်လက်ဖက်ရည်စည်ကြီးကို သွားရာလမ်းကို သစ်လုံးတိုင်များဖြင့်ကာရံ၍ မျက်စိပဒေသဖြစ်အောင် အလှဆင်ထား၏။

ကုမ္မာရနှင့်လူငယ်သည် ဘတပြန်ကျားတပြန် သတ်ပုတ်ရင်း သစ်လုံးတိုင်များအတွင်းသို့ စုပြုံရောက်ရှိသွားလေ၏။

၎င်းတို့၏ ရန်ပွဲကို ပွဲတော်လာပရိသတ်များလည်း တွေ့ရှိသွားပြီး ထိုနေရာသို့ စုံပြုံရောက်ရှိလာ၏။

သစ်လုံးတိုင်များကို ကြိုးများဖြင့် ချည်နှောင်ထားသဖြင့် အတွင်းသို့ရောက်နေသော ၎င်းတို့အားမည်သူမျှ မဆွဲနိုင်ဘဲ အပြင်မှသာ ရပ်ကြည့်နေရ၏။

ကုမ္မာရနှင့်လူရွယ်သည် အငြိုးကြီးစွာဖြင့် အပြန်အလှန်သတ်ပုတ်နေသဖြင့် ပွဲတော်လာပရိသတ်များအတွက် လက်ဝှေ့ပွဲသဖွယ်ဖြစ်နေလေ၏။ သစ်လုံးတိုင်များအတွင်း

ထောပတ်လက်ဖက်ရည်သယ်ယူပေးသော အစေခံနှစ်ဦးသည် ကုမ္မာရတို့ရန်ပွဲကို မဖြုန်ဖြေရဲဘဲ ကြောင်အမ်းအမ်းကြည့်နေရှာ၏။

လူရွယ်သည် ကုမ္မာရနှင့် သတ်ပုတ်နေရာကမှ နောက်သို့လှည့်၍ အစေခံနှစ်ဦးလက်မှ ယောက်ချိုကြီးကို လုယူ၍ ကုမ္မာရ၏ ခေါင်းကိုရိုက်လိုက်ရာ ကုမ္မာရသည် မူးဝေသွားလေ၏။

မျက်နှာတစ်ခုလုံး သွေးချင်းချင်းနီနေပြီး မျက်လုံးများလည်း ပြာဝေသွားလေ၏။

ထိုအခိုက်မှာပင် ကုမ္မာရမိသားစု၏ ကိုယ်ရံတော်များသည် ရန်ပွဲအနီးသို့ရောက်ရှိလာပြီး ကြိုးတန်းများပေါ်သို့ ကျော်တက်၍ ဖြန်ဖြေရန် အပြေးရောက်လာလေ၏။

ကုမ္မာရသည် နောက်ဆုံးကျန်နေသော အားအင်ဖြင့် ယုတ်မာသောလူရွယ်ကို ခုန်အုပ်ရန် ကြိုးစား၏။

လူရွယ်၏ ကိုယ်ပေါ်သို့ ရောက်သောအခါ ၎င်း၏ လည်ပင်းကို တင်းတင်းညှစ်လေ၏။ လူရွယ်သည် ထောပတ်အိုးကြီးကို ကျောမှီ၍ ရှန်းကန်နေရာမှ လည်ပင်းအစ်ပြီး အသက်ရှူကြပ်လာသဖြင့် ကုမ္မာရ၏ ဝမ်းဗိုက်ကို ခြေဖြင့်ထောက်၍ တအားကုန် ဆောင့်ကန်လိုက်၏။

ထိုအခါ ကုမ္မာရ၏ ခန္ဓာကိုယ်သည် လူရွယ်၏ ကိုယ်ပေါ်မှ ကျော်ပြီး ထောပတ်လက်ဖက်ရည်အိုးကြီးထဲသို့ ကျလေ၏။

ကုမ္မာရထောပတ်လက်ဖက်ရည်အိုးထဲသို့ ကျွမ်းပြန်၍ ကျသွားပုံကိုကြည့်၍ ပွဲတော်လာပရိသတ်များသည် ဟာခနဲဖြစ်သွားလေ၏။ ထောပတ်လက်ဖက်ရည်များသည် အနည်းငယ်သာ ပူပြင်းသဖြင့် ကုမ္မာရအတွက် အပူလောင်ခြင်းမဖြစ်ခဲ့ပေ။

ကုမ္မာရသည် ထောပတ်လက်ဖက်ရည်များထဲတွင် ယက်ကန်ယက်ကန်ဖြစ်နေစဉ် ကိုယ်ရံတော်များရောက်ရှိလာပြီး အိုးကြီးအတွင်းသို့ ယောက်ချိုကြီးများ ချပေးကာ ၎င်းအား တွယ်ကပ်၍ တက်စေ၏။ ကုမ္မာရသည် ယောက်ချိုကြီးများကိုဆွဲ၍ အိုးနှုတ်ခမ်းပေါ်သို့ ခက်ခက်ခဲခဲတွယ်တက်ရာ ပွဲတော်လာပရိသတ်များအလယ်တွင် မီးဝင်းဝင်းတောက်သော မျက်လုံးများနှင့် စူးစိုက်ကြည့်နေသည့် ဖခင်ကိုမြင်ရလေ၏။

ဖခင်သည် စိတ်ဆိုးမာန်ဆိုးဖြင့် ဆတ်ခနဲလှည့်ကာ ပွဲတော်မှ အိမ်သို့ ပြန်သွားလေ၏။ အိမ်သို့ရောက်လျှင် မိုးမီးလောင်တော့ မည်ဟု ကုမ္မာရတွေးလိုက်လေ၏။

***